မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ဆောက်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၀)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဘိုးပိုင်ရိုက်သွင်း

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကမာနတ်-သန်လျင် 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၄၈)အား ဘိုးပိုင်ရိုက်စက်ဖြင့် ဘိုးပိုင်ရိုက်သွင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမာနတ်-သန်လျင် မဟာဓာတ်အားလိုင်း တာဝါတိုင် ဘိုးပိုင်ရိုက်သွင်းခြင်း၊ သံပေါင်တပ်ဆင်ခြင်း ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သူငွေးကွင်း စံပြကျေးရွာအနီး (ပဲခူး-သုံးခွ-ရန်ကုန်)ကားလမ်း မိုင်တိုင်အမှတ်(၆၀)တွင် ကမာနတ်-သန်လျင် မဟာဓာတ်အားလိုင်း Tension တာဝါတိုင်အမှတ်(၂၄၈)ကို ဘိုးပိုင်ရိုက်စက် (Pilling Machine) ဖြင့် ဘိုးပိုင်ရိုက်သွင်းနေမှု၊ တာဝါတိုင်အမှတ်(၂၄၇) နှင့် (၂၄၉)တွင် ကျွမ်းကျင်ဝန်ထမ်းများ တာဝါတိုင်သံပေါင်တပ်ဆင်ခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများစနစ်တကျရှိရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နွားကောင်ရေ ငါးကောင်မှ ခုနစ်ကောင်ရှိရုံမျှဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်မှုအပါအဝင် ဘက်စုံအသုံးချနိုင်သည့် တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ-ညီညီထွန်း(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၈

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဝင်ပြန်ကျေးရွာနှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စုရှိ ရွှေပေးကျေးရွာတို့သို့ ရောက်ရှိချိန်က မွန်းလွဲလုပေပြီ။

မျက်မှောက်ခေတ်ကျေးလက်တို့တွင် မြင်တွေ့နေကျ မြင်ကွင်းများအတိုင်း ရွှေဝါရောင်ဝင်းမှည့်နေသော စပါးခင်းကြီးများ၊ ဆန်စက်ငယ်များ၊ လယ်ယာ(၁၀) ထွန်စက်များ၊ စပါးခြွေလှေ့စက်နှင့် စပါးအခြောက်ခံစက်များ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများဖြင့် ခေတ်သစ်ကျေးလက်ကျေးရွာတို့၏ သာယာဝပြောမှုကို လှစ်ဟဖော်ပြနေသကဲ့သို့ပင်····။

စာမျက်နှာ ၈ ကော်လံ ၁ ●

နေပြည်တော်ပျဉ်းမနားမြို့နယ် ရွှေပေးကျေးရွာရှိ ဇီဝဓာတ်ငွေ့ကန်။

19-11 (01).pmd 1 11/19/2008, 2:35 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်)

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် ဖွံ့ဖြိုးစည်ပင် ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မား

ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)၌ ကျင်းပသည့် တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ရက်က ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် တန်၅၀ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း ပျော့ဖတ်ဖျော်စက်ဖြင့် ပျော့ဖတ်ပြုလုပ်နေမှု၊ သစ်ပွပျော့ဖတ်ချပ်များ ပြသထားမှု၊ ဓာတုဆေးရည်နမူနာများနှင့်ရောစပ်မှု၊ အချိုးအစားအမျိုးမျိုးဖြင့် ထုတ်လုပ်ထားသော စက္ကူချောနမူနာများ ပြသထားမှု၊ စက်ရုံမှထုတ်လုပ်သော စက္ကူအရည်အသွေးကို မိတ္တူကူးစက်ဖြင့် စမ်းသပ်စစ်ဆေးပြသမှု၊ စက္ကူဖြတ်စက်ဖြင့် A- Series ဆိုက် စက္ကူများဖြတ်နေမှုနှင့် စက္ကူမျက်နှာပြင် ကြွေဆေးကော်တင်စက်ဖြင့် ကော်တင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စက်ရုံအတွင်း ပျော့ဖတ်ချပ်နှင့် စက္ကူအကြမ်းထုတ်လုပ်မှု၊ ထုတ်လုပ်ပြီးပျော့ဖတ်ချပ်နှင့် စက္ကူအကြမ်းများကို ကွန်တိန်နာအတွင်း ထည့်သွင်းမှု အဆင့်ဆင့် ဆောင်ရွက်ရပေသည်။

ကုန်ကြမ်းဝါးများကို တစ်လက်မအရွယ် ဝါးဖြတ်စများပြုလုပ်ခြင်း၊ ဝါးသိုလှောင်ကွင်းအတွင်း ကုန်ကြမ်းဝါး စုဆောင်းထားမှု၊ ဝေန်မြစ်ကမ်းနံဘေးရှိစက်ရုံ ဝါးဆိပ်ကမ်းသို့ရောက်ရှိသည့်ဝါးများကို စနစ်တကျ သယ်ယူပို့ဆောင်ကြရသည်။

ယင်းစက်များအားလုံး စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ စက်ရုံ၏ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး တိုးတက်ကောင်းမွန်ရေး၊ ထုတ်ကုန်အမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရေး၊ အသုံးစရိတ်ကို စိစစ်ချွေတာ၍ ကုန်ထုတ်လုပ်မှုစရိတ်ကို လျှော့ချသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ထုတ်လုပ်မှုများကို သုံးစွဲသူများ စိတ်ကြိုက်ဖြစ်ရန် ထုတ်လုပ်နိုင်ရေးအတွက် စူးစမ်းပြီး ပြုပြင်သင့်သည်များကို ပြုပြင်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်မှ ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံတည်ဆောက်ခဲ့သော သာပေါင်းစက္ကူစက်ရုံကြီး၏ အကျိုးကျေးဇူးကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ၊ အလုပ်အကိုင်များ ခံစားကြရသဖြင့် စက်ရုံကြီးအား စက်ရုံဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**‘ငါ’ပျောက်မှ နိဗ္ဗာန်ရောက်မည်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀-၂း၀၀	Activities in the City (Pre-world toilet day)
၈း၁၀-၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅-၂း၃၅	Industrial Talk [ဦးငွေသိန်း၊ ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	Midweek Sports News
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	ဂမုန်းရေလှောင်တမံ
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Khitt Silk & Gift)
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	စွမ်းအားများဖြင့် ပြည့်ဝစေသည် ‘GP’
၁၀း၃၅-၄း၃၅	Yangon Panorama (S.S ခင်မောင်အေး၏ ရောင်စုံရုပ်ပြပဋ္ဌာန်း မိတ်ဆက်)
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	မြန်မာ့လက်ဖက်ရဲ့ တွဲဖက်အဖော် ကြက်သွန်မွှမွှကြော်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	မြန်မာ့သနပ်ခါး
၁၂း၀၀-၆း၀၀	သီးနှံစိုက်ပျိုးအထွက်တိုး “စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့”
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	**လုံလုံလုံ** (ဖိုးဘဏ်၊မေကဗျာ၊ ဖြိုးသီရိခေတ်)[ဒါရိုက်တာ မလိခစိုးထိုက်အောင်]
၁၂း၂၀-၆း၂၀	ပျိုမေတို့လှစေဖို့ (အပိုင်း-၁)
၁၂း၃၅-၆း၃၅	Myanmar Video Rhythm
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၉-၁၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၄၈)
၆း၄၅	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **ရွှေခေါင်းပြောင်** (အပိုင်း-၁)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဖြေလိုက်ပါ
	၂၂။	ICT သုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၁၅)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးတက္ကသိုလ်(မန္တလေး)စာသင်ဆောင်၌ ဆေးတက္ကသိုလ်(မန္တလေး)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်များမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဆေးပညာသင်ကြားရေးတွင် အစဉ်အလာကောင်းများထိန်းသိမ်း

အရည်အသွေးပြည့်ဝသော ဆရာဝန်များ လေ့ကျင့်ပျိုးထောင်

နေပြည်တော် နိုဝင်ဘာ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် နိုဝင်ဘာ ၁၄ရက် မွန်းလွဲ၁နာရီခွဲက ဆေးတက္ကသိုလ်(မန္တလေး) စာသင်ဆောင်၌ ဆေးတက္ကသိုလ်(မန္တလေး)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

လေ့ကျင့်ပျိုးထောင်

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာ၌ ဆေးပညာ သင်ကြားရေးတွင် အစဉ်အလာကောင်းများ ထိန်းသိမ်းနိုင်ခဲ့ပြီး အရည်အသွေးပြည့်ဝသော ဆရာဝန်များအား လေ့ကျင့်ပျိုးထောင်နိုင်ခဲ့ကြောင်း၊ ဆေးပညာသင်ကြားပေးနေသော ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်နှင့်လူမျိုးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆရာဝန်ကောင်းများဖြစ်ရန်၊ လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းက ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူများ၏ သင်ကြားစီမံကိန်းရပ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ ဌာနမှူးများ၊ ကထိကများက မိမိတို့ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားနေမှု အခြေအနေများနှင့် အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဖြည့်စွက် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ကျေးရွာရစ်ရွာတွင် တူးဖော်ဆောင်ရွက်ပေးခဲ့သော လက်နှိပ်တုံကင်ရေတွင်းများမှ ကုလားကိုင်းကျေးရွာ လက်နှိပ်တုံကင်ရေတွင်း သုံးစွဲမှု၊ ကြံ့ခိုင်မှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေအနေကို အောက်တိုဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်မိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၀၇၄)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၈

သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း တာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပြည်နယ်နှင့်တိုင်း တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် မြန်မာ့သစ်လုပ်ငန်း စစ်ကိုင်းတိုင်း တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် အနီးစခန်းရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိပြီး အီလက်ထရွန်နစ် စာကြည့်တိုက်၌ Internet အသုံးပြုမှု၊ တိုင်းရင်းဆေးသုတေသန စမ်းသပ်အောင်မြင်မှုများနှင့် တိုင်းရင်းပရဆေးဥယျာဉ်အတွင်း ရှားပါးတိုင်းရင်းဆေးပင်များ စုဆောင်းစိုက်ပျိုးထားရှိမှု၊ ရောဂါအလိုက် ကုသသည့် တိုင်းရင်းဆေးပင်များသတ်မှတ်စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဖောင်တော ပရဆေးဥယျာဉ်သို့သွားရောက်၍ ရှားပါးတိုင်းရင်းဆေးပင်များစုဆောင်းစမ်းသပ်စိုက်ပျိုးထားမှု၊ တိုင်းရင်းဆေးဆေးဖက်ဝင် အပင်ကြီးများ စိုက်ပျိုးထားရှိမှု၊ တိုင်းရင်းဆေး ထုတ်လုပ်ရာတွင် ကုန်ကြမ်းရရှိရေးအတွက် နနွင်း၊ ချင်းများ စိုက်ပျိုးထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး၌ ရောဂါဗေဒဌာနရှိ ဓာတ်ခွဲခန်းများ၊ ဓာတ်မှန်ခန်းများ၊ ဆေးရုံသစ်ကြီး ဖွဲ့စည်းတည်ဆောက်ထားမှု၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်နေမှု၊ ဆေးကုသဆောင်များ၊ အထူးလူနာကုသဆောင်၊ Medical Resort တိုးချဲ့ဆောင်သစ် ဖွဲ့စည်းပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆေးကုသဆောင်သစ်

ဝန်ကြီးသည် နိုဝင်ဘာ ၁၆ ရက် နံနက် ၈နာရီတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ငါးထပ်ဆေးကုသဆောင်သစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လားရှိုး၌ ပညာပေးဟောပြော ယာဉ်မတော်တဆမှုလျှော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

လားရှိုး နိုဝင်ဘာ ၁၈

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး (လားရှိုး)မှ ဦးစောတီနေထူး (လက်ထောက်အင်ဂျင်နီယာ) ဦးဆောင်၍ ဦးသူရိန်စိုး (စက်မှုကျွမ်းကျင်-၃)၊ ဦးမြင့်ဦး(စာရင်းကိုင်-၂)၊ ဦးသောင်းစိန် (စစ်ဆေးရေးမှူး-၂)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးငွေစိုး (ဦးစီးအရာရှိ)၊ ဦးမျိုးမင်းဆွေ (အကြီးတန်းစာရေး)၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်နေလင်း၊ ဒုတပ်ကြပ်အောင်လင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဦးခင်မောင်ဆွေ၊ ဦးစောသန်းထွန်းတို့နှင့်အတူ နိုဝင်ဘာ ၁၆ရက် နံနက် ၈နာရီက လားရှိုးမြို့ မန်ဆူအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ လားရှိုးမှ ရန်ကုန်သို့ပြေးဆွဲမည့် မန်းရွှေပြည်၊ မြတ်မန္တလာထွန်း၊ တက်လမ်းမော်တော်ယာဉ်အသင်းတို့အား လည်းကောင်း၊ လားရှိုးမှ ကျောက်မဲသို့ ပြေးဆွဲမည့် ကားစိမ်း၊ ပေါ်လွင်မော်တော်ယာဉ်အသင်းတို့အား လည်းကောင်း မော်တော်ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ/မရှိ တို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျှော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ကညန)**

အလက(၂)ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

အလက(၂)ရန်ကင်း(စိန့်ဖေးဗီးယား)တွင် ၁၉၆၇ခုနှစ်မှ ၁၉၈၁ခုနှစ် ပညာသင်ကြားပို့ချခဲ့သော အသက်၆၀ ပြည့်ပြီး ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ယင်းကျောင်း၏ တေဇခန်းမ၌ ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ ကိုယ်တိုင်ပါဝင်ကန်တော့ခြင်း ပြုလုပ်နိုင်ရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဆရာဦးတင်ထွန်း ဖုန်း-၅၅၆၄၂၄၊ ဦးအေးကို ဖုန်း-၇၀၁၅၈၅၊ ၅၄၃၀၃၀၊ ဒေါ်ရီရီသိန်း ဖုန်း-၅၇၂၅၄၆၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၈၈၀၀၇၊ ဦးဇော်မင်း ဖုန်း-၀၉-၉၉-၂၅၄၄၇၊ ဦးချိုထွန်း ဖုန်း-၅၆၆၆၁၂၊ ဒေါ်ခင်မေဦး ဖုန်း-၅၅၅၀၇၂ နှင့် ဦးစိုးမြင့်ဦး ဖုန်း-၀၉-၅၀-၁၅၁၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရ ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များ စီးနင်းရာတွင် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ကြရန်နှင့် မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများ အနေဖြင့်လည်း မော်တော်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာ တပ်ဆင်ချည်နှောင် စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့်အထက် တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါမော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

သဘာဝဘေး ကြိုတင်ကာကွယ်ရေး သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၈နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်က အဖွင့် အမှာစကားပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

* ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် သန်လျင် ပင်မဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားခွဲရုံနှင့် Switch Yard တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းခန်းမ၌ ဝန်ကြီးအား စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်က ကမာနတ်-သန်လျင် မဟာဓာတ်အားလိုင်း (၆၁)မိုင်တွင် တာဝါတိုင် ၂၇၂ တိုင် တည်ဆောက်နေမှု၊ သုံးခွမြို့နယ် သူဌေးကွင်းစံပြကျေးရွာအနီး (ပဲခူး-သုံးခွ-ရန်ကုန်)ကားလမ်း မိုင်တိုင်အမှတ်(၆၀)တွင် တာဝါတိုင်အမှတ်(၂၄၈)နှင့် Tension တာဝါတိုင်အား Pilling Machine စက်ဖြင့် ပိုင်တိုင်၃၂တိုင် ရိုက်သွင်းခြင်း ဆောင်ရွက်လျက်ရှိမှုနှင့် တာဝါတိုင်အမှတ်(၂၄၇)နှင့် (၂၄၉) တာဝါတိုင်ကို ကျွမ်းကျင်ဝန်ထမ်းများဖြင့် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သန်လျင်-သာကေတ Bundle Double Circuit Transmission Line (၇ ဒသမ ၇)မိုင်အား တာဝါတိုင် ၃၆တိုင် သတ်မှတ်တည်ဆောက်လျက်ရှိမှု၊ ကမာနတ်(ပဲခူး)နှင့် ဘုရားကုန်း(သန်လျင်) ပင်မဓာတ်အားခွဲရုံတို့တွင် 230 KV နှင့် 33 KV Switch Bay များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်း တင်ပြမှုများအပေါ် ဝန်ကြီးက မဟာဓာတ်အားလိုင်း သွယ်တန်း တည်ဆောက်ခြင်းနှင့် ပင်မဓာတ်အားခွဲရုံ Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်ဝစွာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးပေးဆောင်ရွက်သွားကြရန် မှာကြားပြီး သန်လျင် ပင်မဓာတ်အားခွဲရုံနှင့် Switch Yard တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ အဝင်ဓာတ်အားလိုင်းများနှင့် အထွက် Feeder များ ချိတ်ဆက်ထားရှိမှုနှင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယှဉ်ပြိုင်

နိုဝင်ဘာ၁၆ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၂၀၀၈-၂၀၀၉ ပညာသင်နှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းအဆင့် ကြက်တောင်ရိုက် ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။

(သတင်းစဉ်)



ယာဉ်မောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အငှားယာဉ်လုပ်ငန်းတွင် ထူးချွန်ဝန်ထမ်းနှင့် ယာဉ်မောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့တွင် လမ်းမတော်မြို့နယ် ခရေပင်လမ်း၌ကျင်းပရာ အငှားယာဉ်လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက အမှာစကားပြောကြားရာတွင် အငှားယာဉ်လုပ်ငန်း၌ အငှားယာဉ်မောင်းများ၏ ဌာနအပေါ် သစ္စာရှိမှု၊ ရိုးသားကြိုးစားမှုကြောင့် အငှားယာဉ်လုပ်ငန်း ဝင်ငွေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကြောင်း၊ အငှားယာဉ်မောင်းများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရက်တိုသင်တန်းမှာ ပို့ချသည့်အတိုင်း လက်တွေ့လိုက်နာကြစေလိုကြောင်းနှင့် ဝန်ထမ်းများနှင့် လိုအပ်ချက်၊ ယာဉ်မောင်းများနှင့် လိုအပ်ချက်များကို အငှားယာဉ်လုပ်ငန်းမှ ဖြည့်စွက်ဆောင်ရွက်ပေးသလို ဝန်ထမ်းများ၊ အငှားယာဉ်မောင်းများဘက်မှလည်း အချင်းချင်း ညီညီညွတ်ညွတ် ရိုင်းပင်းလျက် ဌာနအကျိုးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ထူးချွန်ဝန်ထမ်းနှင့် ယာဉ်မောင်းများအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီရတ်နိုင်ငံတောင်ပိုင်း အမာရာမြို့တွင် နိုဝင်ဘာ ၁၇ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သူတစ်ဦးအား ဆေးရုံ၌ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာ အမာရာမြို့၌ ကားဗုံးပေါက်ကွဲ၍ ၁၇ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံတောင်ပိုင်း အမာရာမြို့တွင် နိုဝင်ဘာ၁၇ရက် နံနက်ပိုင်းက ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ၁၇ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါ ကားဗုံးပေါက်ကွဲမှုသည် အမာရာမြို့လယ်ရှိ တယ်လီဖုန်းကုမ္ပဏီ၏ အပြင်ဘက်တွင် ယင်းနေ့ နံနက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆွတ်အယ်လ်အီရတ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိသူအများစုသည် အရပ်သားများဖြစ်ကြောင်း၊ အမာရာမြို့သည် ဘဂ္ဂဒက်မြို့၏ တောင်ဘက်ကီလိုမီတာ ၃၉၀အကွာတွင် တည်ရှိကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

အရှိန်မြင့်

အငြင်းပွားဖွယ် ဝါရှင်တန်-ဘဂ္ဂဒက်လုံခြုံရေး သဘောတူညီချက် စာချုပ်ချုပ်ဆိုရန် ဆွေးနွေးစဉ်အတောအတွင်း မကြာသေးမီ သတင်းပတ်များမှစတင်ကာ စစ်ကြောင့်ဖွတ်ဖွတ်ညက်ညက်ကြေနေသော အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လာလျက်ရှိသည်။

လက်ခံခဲ့

ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်အာဏာအရ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၀၈ခုနှစ် ဒီဇင်ဘာလအထိသာ နောက်ဆုံးရှိရမည်ဟူသော ထုတ်ပြန်ချက်အပေါ်၌အခြေခံကာ အီရတ်အစိုးရအဖွဲ့က လုံခြုံရေးဆိုင်ရာ သဘောတူညီချက်ကို နိုဝင်ဘာ ၁၆ရက်က လက်ခံခဲ့သည်ဟု ပြောကြားသည်။

အီရတ်ထိပ်တန်းအရာရှိကြီးများ၏ ပြောကြားချက်အရ အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာရမည့်အချိန်မှာ ၂၀၁၁ခုနှစ်ကုန်ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ လုံခြုံရေးသဘောတူညီချက်ကို ပါလီမန်သို့ တင်ပြခဲ့ပြီးဖြစ်သည်။ ယင်း သဘောတူညီချက်ကို ပါလီမန်အဖွဲ့ဝင်များက ပြင်းထန်သော အတိုက်အခံပြုမှုများ လုပ်ဆောင်လာဖွယ်ရှိကြောင်း အီရတ်ဥပဒေပြုသူတစ်ဦးက စောစောပိုင်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

အိုဘားမား အထက်လွှတ်တော်အမတ် ရာထူးစွန့်လွှတ် သမ္မတတာဝန် ထမ်းဆောင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

ချီကာဂို နိုဝင်ဘာ ၁၈

အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရသူ အိုဘားမားက အိမ်ဖြူတော်ဝန်ထမ်းများအား ခန့်အပ်ကာ သူ၏အသွင်ကူးကာလ လုပ်ငန်းဆောင်တာများကို အာရုံစိုက်ဆောင်ရွက်ရန် နိုဝင်ဘာ ၁၆ ရက်က အမေရိကန် အထက်လွှတ်တော်အမတ်ရာထူးကို စွန့်လွှတ်လိုက်ပြီဖြစ်သည်။

ကျေးဇူးတင်

အိုဘားမားသည် ၎င်း၏ဘဝအောင်မြင်မှုကို အစပျိုးပေးခဲ့သည့် အီလီနွိုက်ပြည်နယ်မှ ပြည်သူပြည်သားများအားလည်း အမြဲထာဝရ ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ပန်ကြား

ယနေ့သည် မိမိအဖို့ လုပ်ငန်းတစ်ခုကို အစပျိုးရန်၊ လက်စ လုပ်ငန်းတစ်ခုကို အဆုံးသတ် လက်စသိမ်းနေရကြောင်း၊ အီလီနွိုက်ပြည်နယ်မှ ပြည်သူများကို ကိုယ်စားပြုပြီး အထက်လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းမှာ မိမိဘဝတွင် အမြင့်ဆုံး ဂုဏ်ယူရသည့် လုပ်ငန်းတာဝန်ဖြစ်ပါကြောင်း အိုဘားမားက အီလီနွိုက်ပြည်သူများအား ပန်ကြားလိုက်သည်။

ပြောကြား

ယခုအခါ မိမိသည် အမေရိကန်နိုင်ငံ၏ နောက်တက်မည့် သမ္မတတာဝန်များကို ရယူရန်ပြင်ဆင်ရေးအတွက် အီလီနွိုက်ပြည်နယ် အထက်လွှတ်တော်အမတ် ရာထူးမှနုတ်ထွက်ခဲ့ရကြောင်း၊ သို့သော် မိမိသည် ဤပြည်နယ်မှ ပြည်သူများအား မည်သည့်အခါမျှ မေ့ပျောက်မည် မဟုတ်သလို အစဉ်အမြဲကျေးဇူးတင်နေမည်သာဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အီရတ်၌ နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံတွင် နိုဝင်ဘာ ၁၇ရက်က သီးခြားတိုက်ခိုက်မှုများဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်ဒေသဆိုင်ရာ သတင်းရပ်ကွက်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ၃၅ကီလိုမီတာအကွာ အစ်ကန်းဒရီယက်ချ်မြို့အနီးရှိ ကျေးရွာတစ်ရွာတွင် သေနတ်သမားတစ်ဦး ပစ်ခတ်တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း ရဲသတင်းရပ်ကွက်တစ်ခုက ဆင်ဟွာသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့၏တောင်ဘက် ကီလိုမီတာ ၇၀ အကွာ အယ်လ်အမ်ဆီယက်ဘ်မြို့ရှိ အိမ်တစ်အိမ်ပေါ်သို့ မော်တာကျည်ဆန် ကျရောက်ခဲ့မှုကြောင့် ပြည်သူတစ်ဦးသေဆုံးကာ အိမ်ပျက်စီးသွားကြောင်း၊ ဘဂ္ဂဒက်မြို့၏တောင်ဘက် ၈၅ကီလိုမီတာအကွာ အယ်လ်မာဟာဝီးလ်အရပ်တွင် ဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်၌ စစ်သွေးကြွဟု သံသယရှိသူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းရှိ ရဲတပ်ဖွဲ့အသီးသီးကထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် အဝေးပြေးလမ်းမ၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားတစ်စီးကို နိုဝင်ဘာ ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကုလငြိမ်းချမ်းရေးအစီအစဉ် ကွန်ဂိုသူပုန်လက်ခံ — အစိုးရတပ်နှင့်သူပုန် တိုက်ပွဲများဆက်ဖြစ်ပွား

ဂျနီဘာ နိုဝင်ဘာ ၁၈

ကုလသမဂ္ဂကြားဝင်ဆောင်ရွက်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ကွန်ဂိုသူပုန်ခေါင်းဆောင် လောရင့်အင်ကွန်ဒါက နိုဝင်ဘာ ၁၆ရက်က သဘောတူညီလိုက်သည်။

သို့သော် အပစ်အခတ်ရပ်စဲရေးကို ထောက်ခံကြောင်း သူကြေညာသည့်ကြားမှပင် နိုင်ငံအရှေ့ပိုင်းတွင် အစိုးရတပ်နှင့် သူပုန်များအကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် အိုဘာဆန်ဂျိုနှင့်တွေ့ဆုံအပြီးတွင် အိုဘာဆန်ဂျို၏ မေတ္တာရပ်ခံချက်သုံးချက်ကို သူလက်ခံကြောင်း လောရင့်အင်ကွန်ဒါက ပြောကြားသည်။

ထောက်ခံ

အဆိုပါ အချက်သုံးချက်မှာ အပစ်အခတ်ရပ်စဲရေးကို လေးစားရန်၊ ဒုက္ခသည်များထံ လူသားချင်းစာနာထောက်ထားရေး အကူအညီပေးရေးအတွက် လမ်းဖွင့်ပေးရန်နှင့် ကုလသမဂ္ဂငြိမ်းချမ်းရေး အစီအစဉ်ကို ထောက်ခံရန်တို့ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဆိုမာလီပင်လယ်ဓားပြလက်မှ စတိုးလ်ဗာလာသင်္ဘော ဒေါ်လာ ၁ဒသမ ၁သန်းဖြင့် ရွေးအပြီး ပြန်လွှတ်မြောက်လာ

နိုင်ရိုဘီ နိုဝင်ဘာ ၁၈

ဆိုမာလီပင်လယ်ဓားပြများက ဓာတုပစ္စည်းတင်ဆောင်သည့် စတိုးလ်ဗာလာသင်္ဘောကို အမေရိကန်ဒေါ်လာ ၁ဒသမ ၁သန်းဖြင့် ရွေးလိုက်ပြီဖြစ်သည့်အတွက် ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အရှေ့အာဖရိကပင်လယ်ပျော်များ ကူညီရေးအစီအစဉ်(အေးဆက်) ညွှန်ကြားရေးမှူး အင်ဒရူးအမ်ဝမ်ဂူရာက နိုဝင်ဘာ ၁၆ရက်တွင် ပြောကြားသည်။

ပြန်လွှတ်ပေးမည်

အခြားသင်္ဘောနှစ်စင်းမှ ပိုင်ရှင်များနှင့် ပင်လယ်ဓားပြများ ဈေးညှိအဆင်ပြေနေပြီဖြစ်သည့်အတွက် ထိုသင်္ဘောနှစ်စင်းမှာလည်း မကြာမီ ပြန်လွှတ်ပေးမည်ဟု မစ္စတာ အမ်ဝမ်ဂူရာက ပြောကြားလိုက်သည်။

ပင်လယ်ဓားပြများသည် ဂျပန်ကုန်တင်သင်္ဘောတစ်စင်းကိုလည်း ယခုအခါဖမ်းဆီးထားကြောင်း သိရသည်။ အဆိုပါ ဂျပန်ကုန်တင်သင်္ဘောတွင် တောင်ကိုရီးယားသင်္ဘောသားငါးဦးအပါအဝင် သင်္ဘောသားစုစုပေါင်း၂၃ဦးပါဝင်ကြောင်း တောင်ကိုရီးယား နိုင်ငံမှ ယွန်ဟက်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်မြောက်ပိုင်းတွင်တိုက်ခိုက်

အီရတ်နိုင်ငံမြောက်ပိုင်း တဲလ်အဖာမြို့တွင် နိုဝင်ဘာ ၁၅ရက်က ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နီကာရာဂွာရွေးကောက်ပွဲ အမေရိကန်စွက်ဖက်မှု အယ်လ်ဘာအဖွဲ့ဝင်နိုင်ငံများ ပယ်ချ

ချီကာဂို နိုဝင်ဘာ ၁၈

နီကာရာဂွာ ရွေးကောက်ပွဲကိစ္စတွင် အမေရိကန် ဝင်ရောက်စွက်ဖက်မှုကို အမေရိကနိုင်ငံများ၏ ဘိုလီးဗီးယားအုပ်စုနိုင်ငံများအဖွဲ့(အယ်လ်ဘာ)က လက်မခံကြောင်း နိုဝင်ဘာ ၁၆ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ကြေညာ

နီကာရာဂွာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် အမေရိကန်စွက်ဖက်မှုကို မိမိတို့က ပြတ်ပြတ်သားသားပယ်ချကြောင်း၊ ပြီးခဲ့သည့်နီကာရာဂွာရွေးကောက်ပွဲမှာ နီကာရာဂွာပြည်သူများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ၏ သီးသန့်လုပ်ပိုင်ခွင့်အဖြစ် မိမိတို့ထပ်မံအတည်ပြုကြောင်း အယ်လ်ဘာကြေညာချက်တွင် ဖော်ပြလိုက်သည်။

ဖော်ပြ

အယ်လ်ဘာအဖွဲ့ဝင်နိုင်ငံများမှာ ကျူးဘား၊ ဘိုလီးဗီးယား၊ နီကာရာဂွာ၊ ဟွန်ဒူးရပ်စ်၊ ဗင်နီဇွဲလားနှင့် ဒိုမီနီကန် သမ္မတနိုင်ငံတို့ဖြစ်ပြီး နီကာရာဂွာပြည်သူများနှင့် မိမိတို့အယ်လ်ဘာအဖွဲ့ဝင်နိုင်ငံများမှပြည်သူများ၊ အစိုးရများက အခိုင်မာဆုံး သွေးစည်းညီညွတ်လျက်ရှိကြောင်း ထပ်မံ အတည်ပြုသည်ဟုလည်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

ကြိုဆို

ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍လည်း နီကာရာဂွာသမ္မတ အော်တေဂါးနှင့် အာဏာရအက်ဖ်အက်စ်အယ်လ်အင်န်ပါတီကို မိမိတို့အဖွဲ့ဝင်နိုင်ငံများက ကြိုဆိုဂုဏ်ပြုပါကြောင်း စသည်ဖြင့်ကြေညာချက်တွင် ဖော်ပြပါရှိသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

■ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်း - လေးဂိုး။
မလေးရှားလက်ရွေးစင်အသင်း - တစ်ဂိုး။

ဒီနေ့ပွဲအနိုင်ရလဒ်ကတော့မြန်မာအသင်းကို ပြီးပြည့်စုံခဲ့တယ်လို့ ပြောလို့ရပါတယ်၊ အခုနှစ်အတွင်းယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတိုင်း ဗိုလ်လုပွဲ မရောက်ရှိခဲ့တဲ့ အစဉ်အလာကို ချိုးဖျက်နိုင်ခဲ့သလို ပြီးခဲ့တဲ့မာဒေးကားဖလားပြိုင်ပွဲ အကြိုဗိုလ်လုပွဲမှာ လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့မှုကို ဂိုးပြတ် ပြန်သွင်းပြီး ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ နောက်ထပ် ကျေနပ်စရာကောင်းတဲ့အချက်ကတော့ မြန်မာ့လက်ရွေးစင်အသင်းရဲ့ ခြေစွမ်းပါပဲ။ အင်ဒိုနီးရှားနဲ့ပွဲထက် ပိုမိုခြေစွမ်းပြကစားနိုင်ခဲ့သလို အခုပွဲရဲ့ မိနစ်၉၀ တစ်လျှောက်လုံးလည်း အချိတ်အဆက်မိမိနဲ့ ပွဲချိန်ပြည့် မလေးရှားဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။

“ဒီနေ့ပွဲ အနိုင်ရတာ ကစားသမားတွေ ခြေစွမ်းပြလို့ပါ”
ဖလော်ပါ
မြန်မာနည်းပြ

“မြန်မာအသင်း ကစားပုံကောင်းပါတယ်”
ဆာသီယာနသန်
မလေးရှားနည်းပြ

ခြေစွမ်းပြ

မြန်မာဘောလုံးအသင်းမလေးရှားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ရာမှာ အဓိကကဏ္ဍက ပါဝင်ခဲ့သူတွေကတော့ မြန်မာဘောလုံး ပရိသတ်တွေပဲ ဖြစ်ပါတယ်။ အထူးတန်းပွဲကြည့်စင်အပြည့် လာရောက်အားပေးခဲ့ကြတဲ့ မြန်မာဘောလုံးပရိသတ်တွေဟာ ပွဲချိန်တစ်လျှောက်လုံး အိုးစည်၊ ဗုံမောင်းများဖြင့် တစ်ခဲနက်အားပေးခဲ့ကြရာ မြန်မာဘောလုံးသမားတွေ စိတ်ဓာတ်တက်ကြွပြီး အခုလို ခြေစွမ်းပြခဲ့တာဆိုရင် မမှားပါဘူး။ အုပ်စုပွဲစဉ်တွေတုန်းက ခြေစွမ်းပြခဲ့တဲ့ မလေးရှားအသင်းရဲ့ ခြေစွမ်းကတော့ အားရစရာ မရှိခဲ့ပါဘူး။ တစ်ခဲနက် လာရောက်အားပေးကြတဲ့ မြန်မာဘောလုံး ပရိသတ်ကို ရှိန်သွားတာဖြစ်နိုင်ပေမယ့် အဓိကကတော့ မြန်မာအသင်းရဲ့ နိုင်လိုစိတ်နဲ့ ကစားကွက်ကို မယှဉ်နိုင်ခဲ့တာပါပဲ။ မြန်မာအသင်းရဲ့ ဂိုးပြတ်သွင်းယူမှုကိုခံရပြီး ပြိုင်ပွဲကနေထွက်ခွာခဲ့ရတဲ့ မလေးရှားအသင်းရဲ့ နည်းပြဖြစ်သူ ဆာသီယာနသန်ဟာ ပွဲကို ညနေ ၃နာရီမှာ စကစားရပြီး အပူချိန်မြင့်မားမှုကို ရှုံးနိမ့်မှုအတွက် အကြောင်းပြခဲ့ပေမယ့် ခြေစွမ်းအရကတော့ မြန်မာအသင်းကို အဘက်ဘက်က မယှဉ်နိုင်ခဲ့ပါဘူး။

တိုက်စစ်မှာ ဒဏ်ရာကြောင့် မပါဝင်နိုင်တဲ့ ရန်ပိုင်နေရာမှာ ကျော်သီဟကို ထည့်သွင်းကစားခဲ့တာက လွဲလို့ အင်ဒိုနီးရှားကို အနိုင်ရခဲ့တဲ့ လူစာရင်းအတိုင်းပဲ ပွဲထွက်လာပါတယ်။ မလေးရှားအသင်းမှာလည်း နံပါတ်-၁၀ မိုဟာမက်ဆာဖီ၊ နံပါတ်-၂၇ အမီယူဟာဒီဇိုင်နယ်တို့ အပါအဝင် အမာခံတွေကိုပဲ ပွဲထုတ်လာပေမယ့် အားထားရတဲ့ကွင်းလယ်ကစားသမား မဟာယူဒင် မပါလာတာကတော့ မလေးရှားတိုက်စစ်ကို အားပျော့ စေခဲ့ပါတယ်။ မြန်မာအသင်းရဲ့တိုက်စစ်ကို အဓိကပုံဖော်ခဲ့သူတွေကတော့ တောင်ပံကစားသမားတွေဖြစ်တဲ့ မျိုးမင်းထွန်းနဲ့ ရာဇာဝင်းသိန်းတို့ဖြစ်ပြီး တောင်ပံနှစ်ဖက်ကပဲ မလေးရှားဘက်ကို တိုက်စစ်ဆင်ခဲ့တာပါ။ အသင်းခေါင်းဆောင်စိုးမြတ်မင်း ကွင်းလယ်အထိဆင်းပြီး ကစားပေးတာကြောင့်လည်း မြန်မာတိုက်စစ်ဟာ ဟာကွက် မရှိခဲ့ပါဘူး။ ၁၄မိနစ်မှာတော့ မြန်မာအသင်း ဗွေဆော်ဦးဂိုးကို မျိုးမင်းထွန်း ဘယ်ခြမ်းက ဖြတ်ပို့တာ ပြန်လျှံထွက်လာတဲ့ ဘောလုံးကို အသင်းခေါင်းဆောင် စိုးမြတ်မင်းက ဂိုးသမားကို ကျော်ပြီး လှလှပပကန်သွင်းသွားတာ ဖြစ်ပါတယ်။

ထင်တိုင်းမပေါက်ခဲ့

ဂိုးရပြီးနောက်ပိုင်းမှာ မြန်မာအသင်းဟာ ဘောလုံးပိုင်ဆိုင်မှုကို ဦးစားပေး ကစားလာတာကြောင့် မလေးရှားအသင်း အနည်းငယ် ပြန်ဖိလာနိုင်ပါတယ်။ မလေးရှားအသင်းဟာ ဇိုင်နယ်ရဲ့ ညာခြမ်းကိုသာ အားပြုထိုးဖောက်ခဲ့ပြီး မြန်မာအသင်းက ခင်မောင်လွင်၊ မိုးဝင်းတို့အပြင် ဇော်ထက်အောင်ပါ နောက်အထိ ဆင်းကူလို့ မလေးရှားတို့ ထင်တိုင်းမပေါက်ခဲ့ပါဘူး။ မိနစ် ၄၀မှာ နံပါတ် ၂၇ ဇိုင်နယ်ရဲ့ အနီးကပ်ကန်သွင်းမှုကို

အောင်အောင်ဦး လက်စွမ်းပြကာကွယ်နိုင်ခဲ့ပါတယ်။ လက်ရှိချန်ပီယံမြန်မာအသင်းအတွက် ဒုတိယဂိုးကို ၄၅မိနစ်မှာ မျိုးမင်းထွန်းရဲ့ကန်ချက် ပြန်လျှံထွက်လာတာကို စိုးမြတ်မင်းကပဲ ထပ်ဆင့်ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။

မလေးရှားအသင်းဟာ အရှုံးဂိုးကို ချေပနိုင်ဖို့အတွက် တိုက်စစ်အား တင်လာသလို အားထားရတဲ့ မဟာယူဒင်ကိုလည်း ထည့်သွင်းကစားခဲ့ပါတယ်။ ၅၄မိနစ်မှာ ဇိုင်နယ်က နှစ်သိမ့်ဂိုးသွင်းယူပေးခဲ့လို့ မလေးရှားအသင်းက အခုပွဲရဲ့ တစ်လုံးတည်းသော ဂိုးရရှိသွားပါတယ်။ ချေပဂိုး တစ်ဂိုးရသွားလို့ မလေးရှားအသင်း စိတ်ဓာတ်တက်သွားပြီး ချေပဂိုးတွေထပ်ရဖို့ ကြိုးစားလာပါတယ်။ မြန်မာအသင်းရဲ့ အနိုင်ကို အဆုံးသတ်သွားစေတာကတော့ မိနစ် ၇၀မှာ သွင်းယူခဲ့တဲ့ မျိုးမင်းထွန်းရဲ့ တတိယဂိုးပါပဲ။ အဲဒီဂိုးပေးလိုက်ရပြီး နောက်ပိုင်းမှာ မလေးရှားအသင်း လုံးဝစိတ်ဓာတ်ကျသွားပြီး တိုက်စစ်မရှိသလောက် ဖြစ်သွားပါတယ်။ မြန်မာအသင်းရဲ့ တတိယဂိုးကို မျိုးမင်းထွန်းက ဘယ်ခြမ်းကနေ သွင်းယူသွားခဲ့တာပါ။

အနားပေး

အဲဒီနောက်ပိုင်းမှာတော့ မြန်မာအသင်းဟာ အခုပွဲမှာခြေစွမ်းပြခဲ့တဲ့ စိုးမြတ်မင်းနဲ့ မျိုးမင်းထွန်းတို့ကို ဗိုလ်လုပွဲအတွက် အနားပေးခဲ့ပြီး အောင်ကျော်မိုးနဲ့ပိုင်စိုးတို့ကို ထည့်သွင်းကစားခဲ့ပါတယ်။ မြန်မာအသင်းရဲ့ ပွဲသိမ်းအနိုင်ဂိုးကို ၈၂မိနစ်မှာ လူစားဝင်လာတဲ့ အောင်ကျော်မိုးက ရာဇာဝင်းသိန်း တင်ပေးတာကို မနားတမ်းကန်သွင်းယူသွားတာ ဖြစ်ပါတယ်။ အဲဒီဂိုးမရခင်မှာ ကျော်သီဟ အစားဝင်လာတဲ့ ထွန်းထွန်းဝင်း ဂိုးသွင်းခဲ့ပေမယ့် လူကျွံနေလို့ ဂိုးမရခဲ့ပါဘူး။ မလေးရှားအသင်းကို ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ယူခဲ့တဲ့ လက်ရှိချန်ပီယံ မြန်မာအသင်းကတော့ အင်ဒိုနီးရှားနဲ့

အူလ်ဆန်(ဟွန်ဒိုင်း) အနိုင်ရတဲ့အသင်းနဲ့ ဗိုလ်လုပွဲကစားရမှာ ဖြစ်ပါတယ်။

ပွဲအပြီးမှာ အကောင်းဆုံးဆုရရှိခဲ့တဲ့ မြန်မာတိုက်စစ်မှူး စိုးမြတ်မင်းကို International Bevergaes Trading Co., Ltd.မှ Executive Director ဦးဇော်ထိုက်က ဆုကြေး အမေရိကန် ဒေါ်လာ ၂၀၀ ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။

ပါဝင်ကစား

မြန်မာသင်းမှာ **ဂိုး**-အောင်အောင်ဦး၊ **နောက်တန်း**-မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ခင်မောင်လွင်၊ **အလယ်တန်း**- ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ မျိုးမင်းထွန်း (ပိုင်စိုး)၊ **ရှေ့တန်း**- စိုးမြတ်မင်း (အောင်ကျော်မိုး)နဲ့ ကျော်သီဟ (ထွန်းထွန်းဝင်း)တို့ ပါဝင်ကစားခဲ့ကြပါတယ်။

မြန်မာအသင်းနည်းပြ မားကိုစ်အန်တိုနီယိုဖလော်ပါက **“မလေးရှားကို မာဒေးကားပြိုင်ပွဲတုန်းက ရှုံးကြွေးပြန်ဆပ်ပြီး ဗိုလ်လုပွဲ တက်ရောက်ခဲ့လို့ ဝမ်းသာပါတယ်။ ဒီနေ့ပွဲအနိုင်ရတာဟာ ကစားသမားတွေ ခြေစွမ်းပြနိုင်လို့ပါပဲ။ ဘောလုံးပေးပို့တာတွေ၊ ဂိုးသွင်းတာတွေ တိကျလို့ မလေးရှားကို ဂိုးပြတ်အနိုင်ရခဲ့တာပါ။ တစ်ခဲနက် လာရောက်အားပေးကြတဲ့ မြန်မာ့ဘောလုံး ပရိသတ်တွေကို အထူးကျေးဇူး တင်ပါတယ်။ ဗိုလ်လုပွဲကျရင် ဒီထက်များပြားတဲ့ ပရိသတ်လာအားပေးကြမယ်လို့ မျှော်လင့်ပါတယ်။ ဗိုလ်လုပွဲကျရင်လည်း အနိုင်ရအောင် ကြိုးစားသွားမှာပါ။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရယူပြီး လာမယ့် အာဆီယံဆုဇူကီးဖလားပြိုင်ပွဲမှာပါ အောင်မြင်မှုရဖို့ ကြိုးစားနေပါတယ်”** လို့ ပြောကြားခဲ့ပါတယ်။

မလေးရှားအသင်းနည်းပြဆာသီယာနသန်က **“ကျွန်တော်တို့အသင်း ကံမကောင်းခဲ့ပါဘူး၊ အဓိက ကစားသမားနှစ်ဦး နာနေတယ်။ ညနေ ၃နာရီဆိုတဲ့ ပွဲကစားချိန်ဟာ ကျွန်တော်တို့အသင်း တစ်ခါမျှ မကစားဖူးပါဘူး၊ ဒီနေ့ပွဲမှာ မြန်မာ အသင်းကစားပုံ ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရှုံးသွားတာပါ။ ပထမဂိုးနဲ့ တတိယဂိုးကတော့ ကျွန်တော်တို့ ဂိုးသမားရဲ့ အားနည်းချက်ကြောင့်ပါ။ ကျွန်တော်တို့ ရည်မှန်းချက်က အာဆီယံဆုဇူကီး ပြိုင်ပွဲဖြစ်လို့ အဲဒီပွဲအတွက် ထပ်ပြင်ဆင်သွားမှာပါ။ အကြိုဗိုလ်လုပွဲ အဆင့်လောက်အထိ မှန်းထားပြီး ဆီမီးမှာ မတွေ့ချင်ဆုံး အသင်းကတော့ မြန်မာပါပဲ”**လို့ ပွဲအပြီးမှာ ပြောကြားခဲ့ပါတယ်။

ယနေ့ပွဲ

ညနေ ၃ နာရီ

ဒုတိယအကြိုဗိုလ်လုပွဲ

အူလ်ဆန်(ဟွန်ဒိုင်း)ကလပ်အသင်း နှင့် အင်ဒိုနီးရှားလက်ရွေးစင်။

(မြန်မာ့အလင်း)

တစ်ခဲနက် လာရောက်အားပေးကြတဲ့ မြန်မာ့ဘောလုံး ပရိသတ်တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ ဗိုလ်လုပွဲကျရင် ဒီထက်များပြားတဲ့ ပရိသတ်လာအားပေးကြမယ်လို့ ထင်ပါတယ်။ ဗိုလ်လုပွဲကျရင်လည်း အနိုင်ရအောင် ကြိုးစားသွားမှာပါ။

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၆) အမှတ်(၁) ထုတ်ဝေ

နေပြည်တော် နိုဝင်ဘာ ၁၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၆) အမှတ်(၁)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ဝေခြင်းဖြစ်သည်။

ဤဂျာနယ်တွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၏ “ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပဉ္စမလုပ်ငန်းစဉ်”၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၏ “ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ကိုယ်စားလှယ်အဖွဲ့၏ “တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်”၊ ဦးညီထွန်း၏ “တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဝန်ထမ်းသင်တန်းကျောင်းများ”၊ ဦးအောင်ကျော်၏ “နိုင်ငံ့ဝန်ထမ်းနှင့် ရုံးလုပ်ငန်းတာဝန်”၊ စည်ပင်သာယာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၏ “စည်ပင်သာယာရေးအဖွဲ့များ မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု”၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဌာနမှူး ဒေါ်နီနီတင်၏ “ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းသဘာဝနှင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ”၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဌာနခွဲမှူး ဦးသန်းထွဋ်၏ “သမိုင်းခေတ်နှင့် ကွဲပြားသစ်လွင် စည်ပင်သာယာသော မန္တလေးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ”စသည့် နိုင်ငံ့ဝန်ထမ်းများ သိမှတ်ဖွယ်ရာနှင့် ပြည်သူများ ဖတ်ရှုလေ့လာနိုင်ဖွယ်ရာ ဆောင်းပါးများ ဖော်ပြပါရှိသည်။ ပုံမှန်ပါရှိနေကျဖြစ်သော ပြည်တွင်းပြည်ပ နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အမှတ်တရ ပုံရိပ်ကဏ္ဍနှင့် အထွေထွေကဏ္ဍတို့ ဖော်ပြပါရှိပြီး စုစုပေါင်း(၂၃၃)မျက်နှာပါရှိသည်။

ဝယ်ယူရရှိနိုင်

အဆိုပါဂျာနယ်ကို နေပြည်တော်၌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာ အရောင်းဆိုင်များ၊ စာပေဗိမာန်အရောင်းဆိုင်၊ နေပြည်တော် ပျဉ်းမနား၌ သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့၌ အင်းဝစာအုပ်တိုက် (ဆူးလေဘုရားလမ်း)၊ စာပေဗိမာန်စာအုပ်ဆိုင်(ကုန်သည်လမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် (သိမ်ဖြူလမ်း)တို့၌ တစ်အုပ်လျှင် ငွေကျပ်၁၇၀၀ဖြင့် ဝယ်ယူ ရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပြန်ပေးဆွဲခံရသော ဆော်ဒီရေနံတင်သင်္ဘော ဆိုမာလီကမ်းလွန်တွင် ကျောက်ချထားဟုဆို

လန်ဒန် နိုဝင်ဘာ ၁၈

အိန္ဒိယသမုဒ္ဒရာအတွင်းတွင် ပြန်ပေးဆွဲခံရသော ဆော်ဒီရေနံတင်သင်္ဘော(အောက်ပုံ)သည် ဆိုမာလီယာကမ်းလွန်၌ ကျောက်ချရပ်နားထားဖွယ်ရှိသည်ဟု ယူဆရကြောင်း ၎င်းသင်္ဘောမှဆက်သွယ်ရေးအရာရှိများက အကြောင်းကြားခဲ့သည်ဟု နိုဝင်ဘာ၁၈ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

အဆိုပါရေနံတင်သင်္ဘောပေါ်၌ လိုက်ပါသွားသော သင်္ဘောသား ၂၅ဦးမှာ ဘေးကင်းလုံခြုံလျက်ရှိနေသည်ဟု ယူဆရကြောင်း ဗီလာနိုင်ငံတကာသတင်းဌာနမှ ထုတ်ဖော်ပြောကြားခဲ့သည်။

ပြန်ပေးဆွဲ

ဆော်ဒီအာရေဗျနိုင်ငံ နေ့စဉ် ရေနံထုတ်လုပ်မှု၏ လေးပုံတစ်ပုံမျှရှိသည့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ကျော်မျှ တန်ဖိုးရှိသော ရေနံစည်ပေါင်း နှစ်သန်းတင်ဆောင်ထားသည့် ဆီးရီးယပ်စ်စတားသင်္ဘောသည် ပြန်ပေးဆွဲခံခဲ့ရသမျှသောသင်္ဘောများတွင် အကြီးဆုံးဖြစ်သည်ဟု ဆိုသည်။ ပင်လယ်ဓားပြများသည် နိုဝင်ဘာ ၁၅ရက်က ကင်ညာကမ်းလွန်တွင် ၎င်းသင်္ဘောကို ရုတ်တရက်တိုက်ခိုက် ပြန်ပေးဆွဲခဲ့ကြခြင်းဖြစ်ကြောင်း အမေရိကန်ရေတပ်က ထုတ်ဖော်ပြောကြားသည်။

မြို့ရွာတစ်ခွင် သာယာစေချင်
မီးတွင်မပေါ့နှင့်

(၈၈)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊

(၈၈) နှစ်မြောက် အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၂-၁၁-၂၀၀၈)

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏(၁၀၅)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ စည်းဝေး ဝန်ကြီးဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၀၅) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ်များ ကြီးကြပ်ရေးကော်မတီနာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြော ကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက မြန်မာနိုင်ငံဘဏ်များအသင်းနှင့် နိုင်ငံတော်ပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်များ၏ ငွေကြေးစီးဆင်းမှုဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေ စည်းမျဉ်း၊လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်များ၊ ဘဏ်အသီးသီးမှ တာဝန်ရှိသူများ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးများက ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

မှာကြား

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါဝင်သော လမ်း ငါးလမ်း ဖောက်လုပ်မှုလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ရန်၊ လုပ်ငန်းတိုးတက်မှု အခြေအနေများကို အပတ်စဉ်တင်ပြသွားရန်နှင့် လမ်းနှင့်တံတားလုပ်ငန်းများ ဆောင်ရွက် ကြရာတွင် စက်ယန္တရားများကို စနစ်တကျသုံးစွဲရန်၊ စက်သုံးဆီများကို အလေအလွင့် မရှိစေရေး အထူးကြပ်မတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေ၊ စက်ယန္တရားနှင့် စက်သုံးဆီရရှိသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည် များကို ဖြည့်စွက်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

တောင်ငူ အထက(၆)အာစရိယပူဇော်ပွဲ

တောင်ငူ နိုဝင်ဘာ ၁၈

တောင်ငူမြို့ အထက(၆)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ဆရာမကြီးများအား ကျောင်းသား၊ကျောင်းသူဟောင်း များက အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့)နံနက် ၈နာရီတွင် တောင်ငူမြို့ အထက(၆)ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမြင့်အောင် ဖုန်း-၀၉-၅၃-၅၀၂၉၇၊ ဦးလွင်အေး ဖုန်း-၀၅၄-၂၅၂၄၄၊ ဦးကျော်အေး ဖုန်း-၀၅၄-၂၃၀၁၉၊ ဦးစိန်ဝင်း ဖုန်း-၀၅၄-၂၄၅၁၀၊ ၂၅၄၃၀ နှင့် ကျောင်းအုပ်ကြီး ဖုန်း-၀၅၄-၂၃၂၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နောင်ချိုမြို့နယ် မြစိမ်းသာပန်းခြံ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နောင်ချို နိုဝင်ဘာ ၁၈

နောင်ချိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြစိမ်းသာပန်းခြံ စုပေါင်းသန့်ရှင်း ရေးကို အောက်တိုဘာ ၄ ရက်က အဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း ဆောင်ရွက်ရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ ကြီးကြပ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိတ္ထီလာစည်ပင် မြို့တွင်းလမ်းများ ကောင်းမွန်ရေးဆောင်ရွက်

မိတ္ထီလာ နိုဝင်ဘာ ၁၈

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်း လမ်းများ ကောင်းမွန်စေရေးအတွက် ကတ္တရာလမ်းများ တိုးချဲ့ ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့်လမ်းပေါက်များ ဖာထေး ပြုပြင်ခြင်းကို အမြဲမပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းကတ္တရာ လမ်း၂၁လမ်းခင်းခြင်းအရှည်၃/၃ဒသမ ၉မိုင်၊ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း ၇ လမ်း အရှည် ၁/၅ဒသမ ၆ မိုင်နှင့် လမ်းပေါက် များ ပြုပြင်မွမ်းမံပြင်ဆင်ခြင်း ၁၅လမ်း အရှည် ၇/၅ ဒသမ ၄၂ မိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့တွင်းလမ်းများ ကောင်းမွန်ရေး အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ကျောက်ခွဲခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်နှင်းဝေမှ ဆောင်ရွက်လျက်ရှိရာ အမှုဆောင် အရာရှိက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရ သည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**



ဟိုပုံးမြို့နယ် မိုးစပါးဧက ၂၀၀ စံပြစိုက်ခင်း ရိတ်သိမ်းခြွေလှေ့နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်သည် နိုဝင်ဘာ ၁၀ရက် မွန်းလွဲ ၁နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ ရွှေရင်အေးမိုးစပါးဧက ၂၀၀ စံပြစိုက်ကွင်းရှိ တောင်သူဦးသာဦး၏ လယ်ကွက်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးစိုက်ခင်းများနှင့် မိုးစပါးများရိတ်သိမ်းနေမှု၊ ရိတ်သိမ်းပြီးစပါးများ ခြွေလှေ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ မိုးစပါးဧက ၂၀၀ စံပြစိုက်ခင်း၌ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပြိုင်ကွင်း၌ ပြိုင်ပွဲဝင်အသင်းများမှ ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့
(1-12-2008)

"ကာကွယ်ကုသပြုစုလို့၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့"

" Stop AIDS. Keep the Promise."
" Scaling up- prevention, treatment and care "

ကျန်းမာရေးဝန်ကြီးဌာန

ဗန်းမော်-ကသာနှင့် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းများ အပိုင်းအလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြန်မာ့မီးရထား၏ အဓိက တာဝန်ဖြစ်သည့် များများသယ်၊ မြန်မြန်ပို့ဆောင်ရွက်ရမည် ဖြစ်၍ ရထားစက်ခေါင်းများ၊ တွဲများ၊ ရထားလမ်းများ ကောင်းမွန်နေစေရန်၊ ဆောင်ရွက်ဆဲ စီမံကိန်းလမ်းများ ဖြစ်သော ဗန်းမော်-ကသာ ရထားလမ်းပိုင်းနှင့် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းများကို လည်း အပိုင်းအလိုက် သတ်မှတ်ကာလ အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ ထပ်မံဖောက်လုပ်မည့် စီမံကိန်းလမ်းများ ဖြစ်သော ပျော်ဘွယ်-ရန်အောင်-နတ်မောက်-မကွေးလမ်းပိုင်း၊ နမ့်ဆန်-ကျိုင်းတုံ ရထားလမ်းပိုင်း၊ ထားဝယ်-မြိတ်ရထားလမ်းပိုင်းများ ဖောက်လုပ်ရာတွင်လည်း ဝန်ထမ်းများ အားလုံးက အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ ကွန်ရက်သဖွယ်ရထားလမ်းများကို နယ်စွန်နယ်ဖျားအထိ ဖောက်လုပ်နေသည့်အတွက် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ် သွားလာနိုင်ပြီး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးကာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နယ်မြေဒေသအသီးသီး၏ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့်ဦးဖေသန်းတို့က လုပ်ငန်းအခြေအနေများကို သုံးသပ်တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ရုပ်သိမ်း

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ် ၄၂ နေ ဦးဘသန်း(၇၈)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ပြည်တွင်းပြိုင်ပွဲများကျင်းပပြီး အလားအလာရှိသော အားကစားသမားများရွေးချယ် စနစ်တကျစခန်းသွင်းလေ့ကျင့်စေပြီး ပြည်ပပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်

သတင်းမှတ်စုနှင့် ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ကျင်သန်းဦး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ အဖွဲ့(၃၈)ဖွဲ့သည် ပြည်တွင်းနှင့် ပြည်ပပြိုင်ပွဲများအတွက် မိမိတို့အဖွဲ့ချုပ်များ၏ လေ့ကျင့်ရေးကွင်းများတွင် အောင်နိုင်ရေးအတွက် လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တည်ရှိရာ အင်းလျားကန်သို့ စာရေးသူသွားရောက်ပြီး မြန်မာလှေလှော်အဖွဲ့ချုပ် လေ့ကျင့်ပြင်ဆင်မှု အခြေအနေများကို အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးဖေဝင်းနှင့်တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ရပါသည်။

စခန်းသွင်းလေ့ကျင့်

ဦးဖေဝင်းက "မိမိတို့လှေလှော်အဖွဲ့ချုပ်ကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၄ရက်မှ စတင်တာဝန်ယူပြီး အမှုဆောင်သစ်ကို ဧပြီ၆ရက်တွင်ဖွဲ့စည်းခဲ့သည်။ မျိုးဆက်သစ်ရှာဖွေခြင်း လုပ်ငန်းကို စတင်လုပ်ကိုင်၍ ပြိုင်ပွဲများကျင်းပပေးခဲ့ကြောင်း၊ ဆုကြေးငွေများကိုလည်း ထိုက်ထိုက်တန်တန်ပေးခဲ့ကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ဆက်လက်စခန်းသွင်းလေ့ကျင့်စေခဲ့ကြောင်း။

ဝင်ရောက်ယှဉ်ပြိုင်မည်

မိမိတို့ ရည်မှန်းချက်သုံးခုချ မှတ်၍ အဓိကထားဆောင်ရွက်ပြီး ပထမရည်မှန်းချက်မှာ လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ အမြင့်ဆုံး ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရန်၊ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးနှင့် ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်နိုင်မည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာရန် ရည်ရွယ်ပြီး လုပ်ငန်းများအောင်မြင်အောင် အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် ရေဝတီတိုင်း ပုသိမ်မြို့၌ ငါးခရိုင်ပြိုင်ပွဲ ကျင်းပခြင်း၊ ၂၀၀၇ ခုနှစ်တွင် ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား စသည့် ပြိုင်ပွဲနှစ်ရပ်ကျင်းပပြီး လူရွေးချယ်ခဲ့ရာ အမျိုးသား၂၀၊ အမျိုးသမီး ၁၉ ဦးတို့ ရွေးချယ်၍ မြန်မာနည်းပြခြောက်ဦးနှင့် ပြည်ပနည်းပြနှစ်ဦးဖြင့် လေ့ကျင့်ပြီး (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ငါးခုဖြင့် နိုင်ငံအတွက် ဆုတံဆိပ်ထက်ဝက်ကို ရယူပေးနိုင်ခဲ့ကြောင်း၊ ယခုလည်း ပြည်တွင်းပြိုင်ပွဲများကျင်းပပြီး အလားအလာရှိသော အားကစားသမားများ ရွေးချယ်၍ စခန်းသွင်းကာ စနစ်တကျလေ့ကျင့်စေပြီး ပြည်ပပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း မြန်မာ့အလင်း သတင်းအဖွဲ့သို့ ရှင်းပြသွားသည်။

အထူးကြိုးစား

မြန်မာလှေလှော်အဖွဲ့သည် အရှေ့တောင် အာရှမှာရှိသည့် ပြိုင်ဘက်နိုင်ငံများ၏ အလေးထားမှုကို ခံရသော အဖွဲ့ဖြစ်ပြီး အဖွဲ့ချုပ်အနေဖြင့် ရရှိထားသည့် ဆုတံဆိပ်များထက် ပိုမိုအောင် လေ့ကျင့်မှုကို ပြုလုပ်စေပြီး ပါဝါအားကောင်းရန် စက်ကိရိယာများဖြင့် လေ့ကျင့်ခြင်း၊ စိတ်တည်ငြိမ်မှုရရှိရန် တရားထိုင်ခြင်းတို့ပြုလုပ်စေပြီး နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရန် အထူးကြိုးစား ပြင်ဆင်လေ့ကျင့်လျက် ရှိကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာလှေလှော် အားကစားသမားများ ပါဝါအားကောင်းရန် စက်ကိရိယာ အကူအညီဖြင့် လေ့ကျင့်နေစဉ်။ (မြန်မာ့အလင်း)

မြန်မာလှေလှော် အားကစားသမားများ နိုင်ငံတကာပြိုင်ပွဲများအတွက် လှေလှော်အဖွဲ့ချုပ်တည်ရှိရာ အင်းလျားကန်အတွင်း လေ့ကျင့်နေစဉ်။ (မြန်မာ့အလင်း)

● *ရှေ့ဖုံးမှ*

အဆိုပါကျေးရွာတို့၏ ထူးခြားချက်မှာ ဇီဝဓာတ်ငွေ့ကို အသုံးပြု၍ လျှပ်စစ်မီး အပါအဝင် ဘက်စုံ အသုံးချနိုင်မှုပင် ဖြစ်သည်။

ရှေးဦးစွာ မိမိတို့ သတင်းအဖွဲ့သည် ဝင်ပြန်ကျေးရွာအနီးရှိ စိုက်ပျိုးရေးခြံ၌ တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်ဖြင့် ဘက်စုံအသုံးပြုနေမှုကို သွားရောက်လေ့လာခဲ့ကြပါသည်။

တစ်အိမ်ထောင်

ဝင်ပြန်ကျေးရွာ စိုက်ပျိုးရေးခြံရှိ ဦးမောင်မြင့်က "ရွှေပေးကျေးရွာမှာ ဇီဝဓာတ်ငွေ့နဲ့ ဘက်စုံအသုံးချနိုင်မှု သရုပ်ပြပွဲကို သွားရောက်ကြည့်ရှုပြီး စိတ်ဝင်စားမိတာနဲ့ ချက်ချင်းဆက်သွယ်ပြီး အခုနှစ် အောက်တိုဘာ ၁၀ရက်က ၈ကုဗမီတာရှိ တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်ကို ခြံထဲမှာစတင်ဆောင်ရွက်ခဲ့ပါတယ်။ စုစုပေါင်း ကုန်ကျငွေကျပ်လေးသိန်းခွဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ခြံထဲမှာ နွားကောင်ရေ ကိုးကောင်ရှိပြီး ဇီဝဓာတ်ငွေ့ ကုန်ကြမ်းအစာအတွက် တစ်နေ့ကို နွားချေးပိဿာချိန် ၆၀နဲ့ ရေပိဿာချိန် ၆၀ကို အသုံးပြုပါတယ်။

တစ်နေ့သုံးကြိမ်

ဇီဝဓာတ်ငွေ့နဲ့ ထမင်း၊ ဟင်းကိုလည်း တစ်နေ့သုံးကြိမ် ချက်ပါတယ်။ တစ်ကြိမ်ချက်ရင် တစ်နာရီခွဲ ခန့်ကြာပါတယ်။ ညဘက်မှာလည်း မီးထွန်းပါတယ်၊ ရုပ်မြင်သံကြားလည်း ကြည့်ပါတယ်။

အဆင်ပြေပါတယ်၊ အရင်က ထမင်းဟင်းချက်ပြုတ်နိုင်ဖို့ လောင်စာ ထင်းအတွက် တစ်နေ့ ကုန်ကျငွေ တစ်ထောင်ရှိပါတယ်။ အခု ဇီဝဓာတ်ငွေ့ကန်ဆောက်လုပ်တဲ့ ကုန်ကျစရိတ်မှအပနေ့စဉ်လောင်စာအတွက် ကုန်ကျမှု မရှိတော့ပါဘူး။

စိုက်ပျိုးရေး အတွက်လည်း စွန့်ပစ် ဇီဝလျှံရည်ပိဿာချိန် ၁၂၀ကို နေ့စဉ် ပြန်ထုတ်ယူပြီး သဘာဝဓာတ်မြေဩဇာအဖြစ် ပြန်အသုံးပြုပါတယ်။ အရင်က ဓာတ်မြေဩဇာအတွက်ငွေကျပ်သောင်းချီပြီး ကုန်ကျခဲ့ပေမယ့် အခုဓာတ်မြေဩဇာရော၊ ပိုးသတ်ဆေးရော လုံးဝမသုံးတဲ့အတွက် ကုန်ကျမှု မရှိတော့ပါဘူး၊ စွန့်ပစ်ဇီဝလျှံရည်ကို သဘာဝဓာတ်မြေဩဇာအဖြစ်သာ အသုံးပြုပါတယ်။ အပင်စိုပြည်မှု အပိုင်းမှာ ပိုပြီးတောင် ထူးခြားကောင်းမွန်တာကို တွေ့ရပါတယ်" ဟုရှင်းပြခဲ့ပါတယ်။

အမှန်တကယ်

မိမိတို့ သတင်းအဖွဲ့သည် ဇီဝဓာတ်ငွေ့ဖြင့် ထမင်းချက်ပြုတ်နေမှုကိုလည်း ကြည့်ရှု လေ့လာခဲ့ပါသည်။ ကျေးလက်လုံမငယ်၏ ထမင်းဟင်းချက်ပြုတ်နေမှုမှာ သရုပ်ပြပွဲ မဟုတ်ပါ။ မိသားတစ်စုလုံး ညနေစာစားသုံးရန်အတွက် အမှန်တကယ် ချက်ပြုတ်နေခြင်းပင်။

ထိုမှတစ်ဆင့် မိမိတို့သည် ရွှေပေးကျေးရွာသို့ သွားရောက်ကြပြီး ကျေးရွာသုံး ဇီဝဓာတ်ငွေ့ကန်ဖြင့် ကျေးရွာအတွက် လျှပ်စစ်မီး အသုံးပြုနေမှုကို ဆက်လက်လေ့လာခဲ့ကြပါသည်။

ရွှေပေးကျေးရွာနေ အသက် (၆၈)နှစ် အရွယ်ရှိ ဦးပန်။

ရောင်းဝယ်ဖောက်ကား

ရွှေပေးကျေးရွာနေ အသက် ၆၈ နှစ်အရွယ်ရှိ ဦးပန်က "**အဘတို့ရွာမှာ အရင်က ရေနံဆီမီးခွက်နဲ့ ဖယောင်း**တိုင်ကိုပဲအသုံးပြုခဲ့ကြပါတယ်။ ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကျေးရွာသုံး ဇီဝဓာတ်ငွေ့ကန်တည်ဆောက်နိုင်ခဲ့တဲ့အတွက် အခုဆိုကျေးရွာမှာ လျှပ်စစ်မီးတွေ အသုံးပြုနိုင်ကြပါပြီ။ အရင်က ညစနာရီဆို တစ်ရွာလုံးအိပ်ကုန်ကြပြီ။ အခုမီးသုံးနိုင်တဲ့အတွက် ညပိုင်းမှာ ထရံရက်တဲ့သူရယ်၊ ပလိုင်းရက်တဲ့သူရယ်၊ စက်ဘီးပြင်ဆိုင်၊ စက်ချုပ်ဆိုင် **အပါအဝင် ဈေးဆိုင်တွေနဲ့ ရောင်းဝယ်ဖောက်ကားမှုတွေ အတော်ကိုအဆင်ပြေလာကြပါတယ်**" ဟု ရှေ့မီနောက်မီ လူကြီးပီပီ ယခင်နှင့်ယခု နှိုင်းယှဉ်ပြောကြားခဲ့ပါသည်။

"**မီးချောင်း ၂၄၃ ချောင်းနဲ့ တစ်ရွာလုံးနီးနီး အသုံးပြုလျက်ရှိပါတယ်**" ကျွန်းရောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် ရွှေပေးကျေးရွာ ရာအိမ်မှူး ဦးရွှေထွန်း။

ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဝင်းရွှေကလည်း "**ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်**ဓာတ်အားပေးစက်ရုံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၀ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၅ခုနှစ် မေ၂၃ရက်မှာ စတင်အသုံးပြုခဲ့ပါတယ်။ စလုပ်စဉ်က ရွာလူထုတွေက ဟုတ်မှဟုတ်ပါ့မလားလို့ ထင်ယောင်ထင်မှားနဲ့ မယုံခဲ့ကြဘူး။ မီးစပေးတဲ့ညကျမှ ဝမ်းမြောက်ဝမ်းသာနဲ့ အကုန်ထပြီးကခုန်ကြတယ်။ အခုမီးမရှိရင်မနေတတ်ကြတော့ဘူး" ဟူ၍ ပီတိအပြုံးဖြင့် ရှင်းပြသည်။

"စလုပ်စဉ်က ရွာလူထုတွေက ဟုတ်မှ ဟုတ်ပါ့မလားလို့ ထင်ယောင်ထင်မှားနဲ့မယုံခဲ့ကြဘူး။ မီးစပေးတဲ့ညကျမှ ဝမ်းမြောက်ဝမ်းသာနဲ့အကုန်ထပြီး ကခုန်ကြတယ်" ရပ်မိရပ်ဖ ဦးဝင်းရွှေ။

တည်ဆောက်ပေးခဲ့

ကျွန်းရောင်း ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် ရွှေပေးကျေးရွာ ရာအိမ်မှူး ဦးရွှေထွန်းတို့ကလည်း "**နိုင်ငံတော်ရဲ့ပံ့ပိုးမှုနဲ့ သိပ္ပံနှင့်**နည်းပညာဝန်ကြီးဌာန ဇီဝဓာတ်ငွေ့ သုတေသနအဖွဲ့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)က ပညာရှင်များနဲ့ အဖွဲ့က နည်းပညာအကူအညီနဲ့ ဒီဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အခု မီးချောင်း၂၄၃ချောင်းနဲ့ တစ်ရွာလုံးနီးနီး အသုံးပြုလျက်ရှိပါတယ်။ ရွာက ဗီဒီယိုရုံတွေနဲ့ တီဗွီတွေလည်း အသုံးပြုနိုင်ပါတယ်။ ကုန်ကြမ်းအစာအဖြစ် တစ်နေ့ကို နွားချေးပိဿာချိန် ၅၅၀ အသုံးပြုပါတယ်။ တစ်ရွာလုံးမှာ နွားကောင်ရေ ၂၂၅ ကောင်ရှိတဲ့အတွက် ကုန်ကြမ်းအတွက် ပူစရာမလိုပါဘူး။ ပိုလျှံမှုတောင် ရှိပါသေးတယ်။

ကျေးရွာမှာရှိတဲ့ လယ်ကေ၄၅၀နဲ့ ယာ ၄၇၅ကေအတွက် အသုံးပြုနိုင်ဖို့ တောင်သူတွေကို စွန့်ပစ်ဇီဝလျှံရည် သဘာဝမြေဩဇာတွေကို ပြန်လည်ခွဲဝေပေးပါတယ်။

ဇီဝဓာတ်ငွေ့သုံးပြီး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်တဲ့အတွက် ရပ်ရွာ အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရုံသာမက ဘွဲ့ရပညာတတ်လူငယ်တွေလည်း ပိုမိုပေါ်ထွက်လာကြပါတယ်" ဟူ၍ ရှင်းလင်းပြောကြားသည်။

ဝင်ပြန်ကျေးရွာရှိ တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးမှုအသီးအပွင့်

မှန်ပေသည်။ မျက်မှောက်နိုင်ငံတော် အစိုးရလက်ထက်တွင် နယ်စပ်ဒေသများပါမကျန် နိုင်ငံအဝန်း မျှမျှတတ တစ်ပြေးညီ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းကြီးများကို ကဏ္ဍအလိုက်ဖော်ဆောင်ပေးခဲ့ရာ ယခုဆိုလျှင် စီမံကိန်းအချို့၏ ဖွံ့ဖြိုးမှု အသီးအပွင့်များကို ပြည်ထောင်စုသားတိုင်း ခံစား၊ စံစားလျက်ရှိကြပေပြီ။

အလားတူ နိုင်ငံလူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းဖြင့် ချိတ်ဆက် အကောင်အထည်ဖော်ခဲ့ရာ မျက်မှောက်ကျေးလက် ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးတို့မှာလည်း မည်သည့် ခေတ်ကာလနှင့်မျှမတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ပြည်ထောင်စုသားတိုင်း မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပေသည်။

ထို့အတူ ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးရေးအတွက်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဇီဝဓာတ်ငွေ့ သုတေသနအဖွဲ့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)က ဇီဝဓာတ်ငွေ့ဖြင့် ဘက်စုံအသုံးချနိုင်မည့် စရိတ်သက်သာသော ဇီဝဓာတ်ငွေ့ကန်များကို တည်ဆောက်ပေးရုံသာမက ဇီဝဓာတ်ငွေ့ဘက်စုံအသုံးချနည်းပညာကို ကျေးလက်လူထုထံ စနစ်တကျ ဖြန့်ဖြူးဆောင်ရွက်ပေးခဲ့၍ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို များစွာ အထောက်အကူပြုလျက်ရှိကြောင်း ကြားသိရသည်။

ထုတ်ယူသုံးစွဲ

ဇီဝဓာတ်ငွေ့ဖြင့် ထမင်း၊ ဟင်းချက်ပြုတ်နိုင်သဖြင့် ထင်းအစားထိုး လောင်စာအဖြစ် အသုံးပြုနိုင်ခြင်း၊ လောင်စာဆီ အစားထိုးအသုံးပြုနိုင်ခြင်း၊ လျှပ်စစ်မီး ထုတ်ယူနိုင်ခြင်း၊ ဇီဝလျှံရည်သည် တန်ဖိုးမြင့် သဘာဝမြေဩဇာဖြစ်သဖြင့် ဓာတ်မြေဩဇာသုံးစွဲမှု ကုန်ကျစရိတ်သက်သာခြင်း၊ စွန့်ပစ်ပစ္စည်းများ အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု လျော့နည်းစေခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် အထွက်နည်းသဖြင့် ကမ္ဘာကြီးပူနွေးလာမှုကိုဖြစ်စေမှု လျော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကြောင့် အဆိုပါနည်းပညာရပ်ကို အသုံးပြုကာ ၂၀၀၂ခုနှစ်အောက်တိုဘာလမှစတင်၍ တစ်ရွာသုံး ၅၀ကုဗမီတာ ထုထည်ရှိ ဓာတ်ငွေ့ကန်များကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့ရှိ ကျေးရွာပေါင်း ၁၃၂ရွာတို့၌ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ယနေ့အထိ ဇီဝဓာတ်ငွေ့မှ လျှပ်စစ်မီး ထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

ဘက်စုံအသုံးချနိုင်

ထို့အတူ နေပြည်တော်တပ်ကုန်းရှိ ဥဿျစ်ကုန်း၊သူဌေးကုန်းနှင့် ခေတ်အေးကျေးရွာ၊ နေပြည်တော်ပျဉ်းမနားရှိ မအူတော၊ နတ်သူရဲ၊ သစ်လေးလုံးနှင့် ဆင်သေကျေးရွာ၊ နေပြည်တော်လယ်ဝေးရှိ ကန်သာ၊ သစ်ပုတ်ပင်နှင့် မင်းပြင်ကျေးရွာ အပါအဝင် စုစုပေါင်း ကျေးရွာ ၁၀ရွာတို့၌လည်း ဇီဝဓာတ်ငွေ့ဖြင့် ကျေးရွာသုံးနှင့် တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်များ တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား အပါအဝင် ဘက်စုံအသုံးချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဇီဝဓာတ်ငွေ့ထုတ်စနစ်တွင် အဓိက အစိတ်အပိုင်းသုံးခုရှိရာ အစာထည့်ကန်၊ ဇီဝဓာတ်ငွေ့ထုတ် ကန်နှင့် လျှံထွက်ကန်တို့ဖြစ်ကြောင်း သိရသည်။

ပိုမိုသင့်လျော်

တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်တစ်ခု တည်ဆောက်မည်ဆိုပါလျှင် သာမန်အားဖြင့် မိသားစုငါးဦး၊ ခုနစ်ဦးရှိသော အိမ်ထောင်တစ်စုလျှင် ၆ကုဗမီတာ ပမာဏရှိသော ဇီဝဓာတ်ငွေ့ကန်နှင့် သင့်လျော်ပြီး အကယ်၍ ဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ခြင်း၊ အောက်လင်းမီးထွန်းခြင်း သာမက ညပိုင်း လျှပ်စစ်မီးအသုံးပြုရန်အင်ဂျင် အသုံးပြုလိုပါက ၈ကုဗမီတာ ထုထည်ရှိ ဓာတ်ငွေ့ကန်က ပိုမိုသင့်လျော်ကြောင်း သိရသည်။

ကုန်ကြမ်းအဖြစ် အသုံးပြုရန် အိမ်ထောင်စုတစ်စုတွင်နွားငါးကောင်မှ ခုနစ်ကောင်အတွင်း သို့မဟုတ် ဝက်နှင့် ကျွဲများရှိပါက ကုန်ကြမ်း အစာအဖြစ် ရောစပ်အသုံးပြုနိုင်သည်။

တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန် ၆ကုဗမီတာမှ တစ်နေ့လျှင် ဇီဝအရည်ဂါလန် ၃၀ရရှိနိုင်ပြီး ၈ကုဗမီတာ ဓာတ်ငွေ့ကန်မှ ဂါလန်၄၀ရရှိ

ဇီဝ
အတွက်
ကျောက်
လက်မန
ပိုက်များ
သားတို့



ဝင်ပြန်ကျေးရွာ၌ ကျေးလက်လုံမငယ်တစ်
ဟင်းချက်ပြုတ်နေမှုနှင့် ဇီဝဓာတ်ငွေ့ဖြင့် လျှ
တွေ့ရစဉ်။

နိုင်မည်ဖြစ်ရာ စိုက်ပျိုးရေးအတွက် ဇီဝအရည်ဖြင့် မျိုးစေ့စိမ်ခြင်း၊ အရွက်ပေါ် မြေဩဇာဖျန်းခြင်း၊ဝက်စာကျွေးခြင်း၊ ဇီဝအရည်၊ ဇီဝကြွင်းကျန်ပစ္စည်းဖြင့် ငါးမွေးမြူခြင်းနှင့် မြေဩဇာကျွေးခြင်းတို့၌ အသုံးပြုနိုင်ကြောင်း သိရသည်။

မှာ ၆ကုဗ
ငွေကျပ်
ကန်အတွ
ဖြစ်ကြေ
ထမ
ပေါင်းအို
တစ်စုံနှင့်

စဉ်	သုံးစွဲပစ္စည်း	တန်ဖိုးသင့်နှိုင်း
၁။	ထင်း/မီးသွေး	တစ်ရက်လျှင် တစ်ပိဿာဈေးနှုန်း တစ်ရက်အတွက်
၂။	ဖယောင်းတိုင်	တစ်ညလျှင် တစ်တိုင်ဈေးနှုန်း တစ်ညအတွက်
၃။	စိုက်ပျိုးရေး အတွက် ဝယ်ယူရမည့် ဓာတ်မြေဩဇာ	၆လတစ်ကြိမ် လဲလှယ်တိုင်း ရရှိသောဇီဝ မြေဩဇာ အိတ်၂
ကုန်ကျမှုနှင့် ဝယ်ယူမှုတန်ဖိုး နှိုင်းယှဉ်ချက်		

ဇီဝဓာတ်ငွေ့ထုတ်ပေါင်းအိုး၏ တန်ဖိုးနှင့်
အထက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြပါသည်။

ရွှေပေးကျေးရွာ၌ မြင်တွေ့ခဲ့ရသည့် တစ်မျှော်တစ်ခေါ်
ရွှေဝါရောင်ဝင်းမှည့်နေသော စပါးခင်းကြီးများ။ (သတင်းစဉ်)

ရွှေပေးကျေးရွာရှိ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ။
(သတင်းစဉ်)

ကုန်ကြမ်းအဖြစ် အသုံးပြုရန် အိမ်ထောင်စုတစ်စုတွင်နွားငါးကောင်မှ ခုနစ်ကောင်အတွင်း သို့မဟုတ် ဝက်နှင့် ကျွဲများရှိပါက ကုန်ကြမ်း အစာအဖြစ် ရောစပ်အသုံးပြုနိုင်သည်။

တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန် ဖြူကုဗမီတာမှ တစ်နေ့လျှင် ဇီဝ အရည်ဂါလန် ၃၀ရရှိနိုင်ပြီး ၈ကုဗ မီတာ ဓာတ်ငွေ့ကန်မှ ဂါလန်၄၀ရရှိ နိုင်မည်ဖြစ်ရာ စိုက်ပျိုးရေးအတွက် ဇီဝအရည်ဖြင့် မျိုးစေ့စိမ်ခြင်း၊ အရွက်ပေါ် မြေဩဇာဖျန်းခြင်း၊ဝက်စာကျွေးခြင်း၊ဇီဝအရည်၊ ဇီဝကြွင်းကျန်ပစ္စည်းဖြင့် ငါးမွေးမြူခြင်းနှင့် မြေဩဇာ ကျွေးခြင်းတို့၌ အသုံးပြုနိုင်ကြောင်း သိရသည်။

ဇီဝဓာတ်ငွေ့ကန်တည်ဆောက်ရန် အတွက် ဘိလပ်မြေ၊ အုတ်၊ထုံး၊ ချိုပင် ကျောက်၊ သဲ၊ ကျောက်ကြီး၊ လေး လက်မနှင့် ခြောက်လက်မရှိ PVC ပိုက်များ၊ ပေ၄ဝသံချောင်းနှင့် အထပ် သားတို့ဖြစ်ကြပြီး ခန့်မှန်းကုန်ကျငွေ မှာ ဖြူကုဗမီတာ ဓာတ်ငွေ့ကန်အတွက် ငွေကျပ်လေးသိန်းခန့်နှင့် ၈ကုဗမီတာ ကန်အတွက် ငွေကျပ် လေးသိန်းခွဲခန့် ဖြစ်ကြောင်း။

ထမင်း၊ ဟင်းချက်ရန် ထမင်း ပေါင်းအိုးတစ်လုံး၊မီးဖိုတစ်လုံး၊ မီးအိမ် တစ်စုံနှင့်ဓာတ်ငွေ့သန့်စင်ပစ္စည်းတစ်စုံ အတွက်ခန့်မှန်းခြေငွေကျပ်ငါးသောင်း ကုန်ကျမည်ဖြစ်ပြီး အင်ဂျင်အသုံးပြု ပါကမြင်းကောင်ရေ တစ်ကောင် အတွက် ကုန်ကျစရိတ် သီးသန့်ပါရှိ မည်ဖြစ်ကြောင်း သိရသည်။

ဝင်ပြန်ကျေးရွာ၌ ကျေးလက်လုံမငယ်တစ်ဦး ဇီဝဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ပြုတ်နေမှုနှင့် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထွန်းထားမှုတို့ကို တွေ့ရစဉ်။
(သတင်းစဉ်)

စနစ်တကျ

ဓာတ်ငွေ့အထွက်နှုန်းကောင်းစေရန်နှင့် ဓာတ်ငွေ့ကန်၏ သက်တမ်း ကြာရှည်စွာ အသုံးပြုနိုင်ရန် မြေအောက်တွင် ထားရှိသည့် ဓာတ် ငွေ့ပုံသေ သိုလှောင်ကန် (Fixed Dome Type) ကို ရွေးချယ်၍ ရေရှည်ကြံ့ခိုင်မှုအတွက် စနစ်တကျ တည်ဆောက်ထားခြင်း ဖြစ်သော ကြောင့် နှစ်ပေါင်း ၂၀ခန့် အသုံးပြု နိုင်ကြောင်း သိရသည်။

ကျေးလက်နေ ပြည်သူများ အသေးစိတ် သိရှိလိုပါက သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဇီဝဓာတ် ငွေ့ သုတေသနအဖွဲ့ နည်းပညာ တက္ကသိုလ် (ကျောက်ဆည်) ဖုန်း- ၀၆၆-၅၀၄၁၈၊ ၀၆၆-၅၀၄၄၇၊ ၀၉-၂၀-၁၂၉၃၀တို့သို့ ဆက်သွယ် နိုင်ပါသည်။

အလင်းဆောင်

မိမိတို့ သတင်းအဖွဲ့ဝင်များ ရွှေပေးကျေးရွာမှ ပြန်ထွက်ခွာလာ ကြချိန်ကား မှောင်ရိပ်သန်းစပြု ချေပြီ။ သို့သော် ကျေးရွာတစ်ရွာလုံး က ဇီဝဓာတ်ငွေ့ကို ဘက်စုံအသုံးချ မှုဖြင့် မီးရောင်တထိန်ထိန်ဖြင့် အမှောင်ကိုခွင်း၍ အလင်းဆောင် လျက် ရှိနေပေသည်။

ငယ်စဉ်ကာလက အမှတ်ရမိခဲ့ သည့် ကဗျာကလေးတစ်ပိုဒ်အတိုင်း **"ဇီဝဓာတ်ငွေ့ အစွမ်းဖြင့် ဟိုဘက် အိမ်က မီးထိန်ထိန်၊ ဒီဘက်အိမ်က မီးထိန်ထိန်၊ ရွှေပေးရွာက ဦးပန်တို့ အိမ်"** ဟူ၍သာ ရွတ်ဆိုချင်မိပါတော့ သည်။

မကြာမီကာလအတွင်း ကျေး လက်အိမ်ရာများသည်လည်း တစ်အိမ် ထောင်သုံးဇီဝဓာတ်ငွေ့များကိုဘက်စုံ အသုံးပြုခြင်းဖြင့် ကျေးလက်၏ လူမှု စီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာ မည်မှာ ဧကန်ပင် ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

စဉ်	သုံးစွဲပစ္စည်း	တန်ဖိုးသင့်နှုန်းထား	၁-လ	၆-လ	၁-နှစ်	ဇီဝဓာတ်ငွေ့ ထုတ်ပေါင်းအိုး၏ တန်ဖိုး
၁။	ထင်း/မီးသွေး	တစ်ရက်လျှင် ၁.၀ ပိဿာ တစ်ပိဿာဈေးနှုန်း ကျပ်၅၀၀ တစ်ရက်အတွက် ကျပ်၅၀၀	ကျပ် ၁၅၀၀၀	ကျပ် ၉၀၀၀၀	ကျပ် ၁၈၀၀၀၀	ကျပ် ၄၅၀၀၀၀
၂။	ဖယောင်းတိုင်	တစ်ညလျှင် ၄ တိုင် တစ်တိုင်ဈေးနှုန်း ကျပ်၁၀၀ တစ်ညအတွက် ကျပ်၄၀၀	ကျပ် ၁၂၀၀၀	ကျပ် ၇၂၀၀၀	ကျပ် ၁၄၄၀၀၀	
၃။	စိုက်ပျိုးရေး အတွက် ဝယ်ယူရမည့် ဓာတ်မြေဩဇာ	၆လတစ်ကြိမ် ဝယ်ယူရမည့် လဲလှယ်တိုင်း အာနိသင်တူ ရရှိသောဇီဝ ဓာတ်မြေဩဇာ မြေဩဇာ အိတ်၂၀×ကျပ်၂၀၀၀၀	ကျပ် ၆၆၆၆၆	ကျပ် ၄၀၀၀၀၀	ကျပ် ၈၀၀၀၀၀	
	ကုန်ကျမှုနှင့် ဝယ်ယူမှုတန်ဖိုး နှိုင်းယှဉ်ချက်		ကျပ် ၉၃၆၆၆	ကျပ် ၅၆၂၀၀၀	ကျပ် ၁၁၂၄၀၀၀	ကျပ် ၄၅၀၀၀၀

ဇီဝဓာတ်ငွေ့ထုတ်ပေါင်းအိုး၏ တန်ဖိုးနှင့် အိမ်ထောင်စုတစ်စု၏ တစ်နှစ်အတွက် ကုန်ကျမည့်တန်ဖိုးတို့ကို အထက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြပါသည်။

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း(MIEGA) က ကြီးမှူး၍ (၄၄)နှစ်မြောက် စီးပွားရေး တက္ကသိုလ် တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စီးပွားရေးတက္ကသိုလ် ရန်ကုန်အခန်း(၁၀)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ပညာသင်ကြားဆဲကျောင်းသား၊ ကျောင်းသူများ အားလုံးစုံညီတက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၃) Current Account-CF 000056 သို့ တိုက်ရိုက် ပေးသွင်းလှူဒါန်းနိုင်ကြောင်းနှင့် ဦးသင်းမောင်(ဥက္ကဋ္ဌ) ဖုန်း-၆၅၂၀၆၅၊ ၀၉-၅၁-၆၀၄၆၁၊ ဦးမြမောင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၄၅၆၀၆၊ ၀၉-၅၁-၀၁၄၉၈၊ ဗိုလ်မှူးတင့်လွင် ဖုန်း-၆၆၆၂၇၀၊ ၀၉-၅၀-၀၆၇၇၆၊ ဦးခိုင်ဝင်း ဖုန်း-၃၈၃၈၃၅၊ ဦးတင်လှိုင် ဖုန်း-၆၅၁၄၀၀၊ ၀၉-၅၁-၄၂၁၄၉၊ ဒေါ်နန့်မေစန်း ဖုန်း-၃၇၇၂၉၀၊ ဒေါ်ခိုင်ခိုင်အောင် ဖုန်း-၂၂၁၃၀၂၊ ၅၄၃၁၀၃၊ ဦးမင်းသန်းဌေး ဖုန်း-၅၃၄၅၄၉ နှင့် ဒေါ်ကြိုင်ကြိုင်ထွန်း ဖုန်း-၇၀၆၉၃၀၊ ၀၉-၈၀-၃၀၉၀၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နန်းတော်ရာ အနောက်လမ်း ကတ္တရာခင်း

သထုံ နိုဝင်ဘာ ၁၈

သထုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မြို့တွင်းလမ်းဖြစ်သော နန်း တော်ရာ အနောက်လမ်း ပြည်သူနှင့် စည်ပင်သာယာရေးအဖွဲ့ ကတ္တရာခင်း ခြင်းလုပ်ငန်းကို အောက်တိုဘာ၂၄ရက် က အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်သင်းသင်းစု ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ခန္တီးမြို့မဈေး ကွင်းဆင်းဆောင်ရွက်

ခန္တီး နိုဝင်ဘာ ၁၈

ခန္တီးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်မြို့မဈေးကြီးအတွင်း ကုန်စိမ်း တန်းနှင့် သားငါးတန်းများ၊ အဝတ် အထည်ဆိုင်ခန်းများ ရောင်းချနေမှုကို အောက်တိုဘာ၂၅ရက်ကစစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အောင်လံဘူတာလမ်း ကတ္တရာခင်း

အောင်လံ နိုဝင်ဘာ ၁၈

အောင်လံမြို့နေ ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေး အတွက် စက်ရုံရပ်ကွက်၊ ဘူတာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကိုမကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့်လက်ထောက်အင်ဂျင် နီယာ(မြို့ပြ)ဦးစိုးနိုင်ဦးတို့က ရှင်းလင်း တင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ် မန္တလေးမှလုပ်ငန်းရှင်ကုန်သည်များနှင့် တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်သည် နိုဝင်ဘာ ၁၅ ရက်တွင် မန္တလေး ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ရုံးခန်းမ၌ မန္တလေး စက်မှုဇုန်ရှိ လုပ်ငန်းများ၊ မန္တလေး ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှကုန်သည်များ စုစုပေါင်း ၆၄ ဦးတို့နှင့် တွေ့ဆုံ၍ စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုကုန်ကြမ်း များ အလွယ်တကူ ဝယ်ယူတင်သွင်း ခွင့် ရရှိရေးနှင့် ထုတ်ကုန်လုပ်ငန်း များ ပုံမှန် ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၁၈

နိုဝင်ဘာ၁၈ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရပါလျှင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာ ခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီ ဂရိတ်အထိ၊စစ်ကိုင်းတိုင်း အထက်ပိုင်း၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်း ခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါး မြို့တွင် ၅ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၆ ဒီဂရီ စင်တီဂရိတ်တို့ ဖြစ်သည်။

မိုးထစ်ချုန်း

နိုဝင်ဘာ ၁၉ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကယားပြည်နယ်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာ မည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

သာယာမည်

နိုဝင်ဘာ ၁၉ရက် **(ယနေ့)**နေပြည်တော်၊ ရန်ကုန် နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာ မည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများ အားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ် နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့် အတင့်ရှိမည် ဖြစ်သည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာ ချက်အရ ကမ္ဘောဒီးယားနိုင်ငံကို ဖြတ်ကျော်လျက် ရှိသော ကုန်းတွင်းမုန်တိုင်းငယ်သည် ဆက်လက်တည်ရှိ နေပြီး အနောက်ဘက်သို့ ရွေ့လျားလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဓာတ်ဆီဖြည့်မှု သတိပြု

ရန်ကုန် နိုဝင်ဘာ ၁၈

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော် ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ် တိုက်မှု (Friction) မှ သဘာဝ တည်ငြိမ် လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ် မှုကြောင့် မီးလောင်မှုများ ဖြစ်ပွား နိုင်ပြီး မလိုလားအပ်သော ဆုံးရှုံး မှုများ ဖြစ်ပေါ်နိုင်သဖြင့် ရာသီ ဥတု ပူပြင်းချိန်တွင် ပလတ်စတစ် ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ပြီး စက်သုံးဆီ ထုတ်ယူခြင်းကို နေ့စဉ် နံနက် ၇နာရီမှ မွန်းလွဲ၁၂နာရီခွဲ အတွင်း သာထုတ်ယူသင့်ကြောင်း မီးသတ် ဦးစီးဌာနက သတိပေးချက်ထုတ် ပြန်ထားသည်။ (သတင်းစဉ်)

မီး သတိပြု

လူလည်းလှ စိတ်လည်းလှ

ယုဝတီခင်ဦး

"သွေးတိုးရောဂါဆိုတာ ဘာလဲကြီးကြီးမေ"

"သွေးတိုးတယ်ဆိုတာက အမျိုးမျိုးရှိတယ်သမီးရဲ့၊ တစ်မိုင် နှစ်မိုင်လောက် ပြေးလွှားမယ်၊ တစ်ထိုင်တည်းစကားတွေ မရပ်မနား ပြောမယ်။ စာတွေ တစ်အုပ်ပြီးတစ်အုပ် ဆက်တိုက်ဖတ်မယ်။ ပြီးတော့ ရုတ်တရက် သွေးတိုင်းကြည့်လိုက်မယ်ဆိုရင် သွေးတိုးတက်တာပဲ၊ တကယ်တော့ သွေးတိုးတယ်၊ ကျတယ်ဆိုတာ အလုပ်သိပ်များရင်၊ ခေါင်းရှုပ်ရင်၊ စိတ်လှုပ်ရှားရင် သွေးတိုးချင်တိုးမယ်၊ သွေးကျချင်ကျမယ်"

"ဒါဖြင့်ရင် ကြီးကြီးမေ လူတစ်ယောက်နဲ့ တစ်ယောက် သွေးတိုင်းကြည့်ရင် အခြေအနေအရ မတူဘူးပေါ့နော်"

"ဟုတ်တယ် သမီး။ ဒါပေမယ့် သွေးတိုးတာက မကျဘဲ အမြဲတက်နေရင်တော့ ဂရုစိုက်ရလိမ့်မယ်၊ သွေးတိုးရောဂါဆိုတာ နှလုံးသွေးကြောရောဂါနဲ့ ပိုဆိုင်တယ်။ နှလုံးသွေးကြော ရပ်တာတို့၊ လေဖြတ်တာတို့ ဖြစ်နိုင်တာပေါ့"

တူမလေး နွယ်နီသည် ညနေတိုင်းလိုပင် ကန်တော်ကြီးသို့ လမ်းလျှောက်ရန် ကြီးတော်ကို လာခေါ်ပြီး မေးခွန်းများ မြောက်မြားစွာ မေးတတ်ပါသည်။

"သွေးတိုးတယ်ဆိုတာ သွေးက အရှိန်နဲ့ သွေးကြောရဲ့နံရံကို တွန်းပြီးတော့ မော်တော်ကားတာယာထဲမှာ လေဖိအားဝင်သလို သွေးကြောတွေထဲမှာ ဖိအားနဲ့ဝင်လာတာပေါ့နော်၊ တကယ်လို့ လေဖိအား သိပ်များပြီးတော့ တာယာတစ်လုံးကို လေဖိအား သိပ်များများထိုးရင် ပျက်စီးသွားသလို သွေးကြောတွေထဲမှာ သွေးဖိအားများလာရင် နှလုံးရောဂါနဲ့ လေဖြတ်တာတွေ ဖြစ်သွားမယ် ထင်တယ်နော် ကြီးကြီးမေ"

ကျွန်မတို့ တူဝရီးနှစ်ယောက်သည် ဆောင်းဝင်လာခါစ လေချို အေးနဲ့အတူ ကန်တော်ကြီးတစ်လျှောက်တွင် လမ်းလျှောက်လာရင်း သွေးတိုးရောဂါအကြောင်း အမေးအဖြေလုပ်လာကြသည်။

"သွေးတိုးတယ်ဆိုတာ နှစ်မျိုးရှိတယ်။ အပေါ်သွေးလို့ခေါ်တဲ့ (Systolic Pressure)ဟာ နှလုံးခုန်တဲ့အချိန်မှာ နှလုံးထဲမှာ သွေးတွေ ပြည့်လာစေတယ်။ ဒုတိယသွေးအားကိုတော့ (Diastolic Pressure) အောက်သွေးလို့ခေါ်တယ်။ အဲဒါကတော့ နှလုံးကမခုန်ဘဲ နားနေတဲ့ အချိန်မှာ သွေးကြောထဲမှ ထွက်လာတဲ့ အောက်သွေးဖြစ်တယ်"

"ကြီးကြီးမေ ဒါဖြင့် လူတစ်ယောက်မှာ နေကောင်းနေရင် အပေါ်သွေး အောက်သွေး ဘယ်လောက်ရှိသလဲ"

တူမလေးက လက်ကလေးနှစ်ဖက်ကို ရှေ့နောက်လွှဲ၍လေကိုခပ်ပြင်းပြင်း ရှူရှိုက်ရင်း မေးပါသည်။

"ကျန်းမာတဲ့ကလေးတစ်ယောက် ဥပမာ-မွေးစကလေးမှာ အပေါ်သွေး ၉၀၊ အောက်သွေး ၆၀ ရှိတယ် (၉၀/၆၀)။ ကျန်းမာတဲ့ လူတစ်ယောက်မှာဆိုရင် အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀(၁၂၀/၈၀)၊ ပြီးတော့ အပေါ်သွေး ၁၄၀၊ အောက်သွေး ၉၀ ရှိနေရင် တချို့ကတော့ သွေးနည်းနည်းတိုးချင်လာတယ်လို့ ပြောကြတယ်။ အောက်သွေး ၉၀က တစ်ခါတလေမှ ဖြစ်တာမဟုတ်ဘဲ အမြဲတမ်း ဖြစ်နေမယ်ဆိုရင် ဆရာဝန်တွေအနေနဲ့ သဘောမကျဘူး။ ဆေးသောက်ဖို့ အကြံဉာဏ်ပေးတတ်တယ်"

"ဒါဖြင့် ကြီးကြီးမေ တချို့လူမှာ အပေါ်သွေး၂၀၀၊ အောက်သွေး ၁၂၀ ဖြစ်လာရင်ရော"

"ဟာ- အဲဒါဆို အမြန်ဆုံး ဆေးကုသရမှာပေါ့နွယ်နီ။ တချို့ ဆီးချိုသမားမှာဆိုရင် အပေါ်သွေး ၁၃၅၊ အောက်သွေး ၈၀နဲ့တင် ဆေးကုသမှု ခံယူကြရတယ်။ တချို့လူတွေမှာ အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀ထက်များလာရင် ဆေးကုသမှု ပေးကြရတယ်"

သွေးတိုးရောဂါသည် သွေးကြော၊ ဦးနှောက်၊ မျက်စိ၊ ကျောက်ကပ်တို့ကို ထိခိုက်စေတတ်သည်။ သွေးတိုးရောဂါ ရှိနေသော်လည်း ရှိမှန်းမသိ၍ လေဖြတ်ခြင်း၊ နှလုံးရောဂါရခြင်း၊ မျက်လုံးဒုက္ခပေးခြင်း၊ ကျောက်ကပ်ရောဂါရခြင်းတို့ ဖြစ်လာကြသည်။ ထိုအခါတွင် အောက်သွေးမှာ ၁၃၀ထက် ကျော်တတ်သည်။ သွေးတိုးရောဂါမှာ စောစောသိလျှင် စောစော ကောင်းသည်။ ထို့ကြောင့် အသက်ငယ်သည် ကြီးသည်မဟုတ် (Blood Pressure) သွေးတိုး ရှိ၊ မရှိ စမ်းသပ်ကြည့်သင့်သည်။

ကျွန်မတို့ တူဝရီးနှစ်ယောက်သည် ထိုင်ခုံလေးတစ်ခုတွင်ထိုင်ရင်း နေဝင်ဆည်းဆာအလှကို ငေးမောကြည့်ရှုနေမိသည်။

"ကြီးကြီးမေ သွေးတိုးရောဂါဆိုတာ ဘယ်လိုလူမျိုးတွေမှာ ပိုဖြစ်တတ်သလဲ"

"မိသားစုထဲမှာ သွေးတိုးရောဂါ၊နှလုံးရောဂါ၊ဆီးချိုရောဂါရှိရင် ကိုယ်ဝန်ဆောင်ရင်၊ ဒါမှမဟုတ် သန္ဓေတားဆေးသောက်ရင်၊ အသက်ခြောက်ဆယ်ကျော်ရင်၊ ကိုယ်အလေးချိန်များပြီး အဝလွန်ရင်၊ အရက် အများကြီး သောက်ရင်၊ ဆေးလိပ်သောက်ရင်၊ အချို၊ အငန်အများကြီး စားရင်၊ ဘာမှ အလုပ်မလုပ်ဘဲ အပျင်းထူနေရင်၊ ဥပမာလမ်းမလျှောက်ဘူး၊ အားကစားလဲ မလုပ်ဘူးဆိုရင် သွေး လေလည်ပတ်မှု မညီညွတ်ဘဲ ရောဂါရတာပေါ့။ စိတ်ဖိစီးမှုများနေရင်လဲ ဖြစ်တတ်တယ်။"

"ကြီးကြီးမေ သွေးတိုးရောဂါရှိရင် ဘယ်လိုဝေဒနာတွေ ပေါ်လာတတ်လဲ"

တူမလေးသည် အမေးအမြန်း ထူနေပါ၏။ သို့ရာတွင် သူ့မေးခွန်းတွေက မေးခွန်းကောင်းလေးတွေဖြစ်နေ၍ ကျွန်မလည်း လိုလိုလားလား စိတ်ရှည်လက်ရှည် ဖြေပြနေမိပါသည်။

"ခေါင်းကိုက်မယ်၊ ရင်ဘတ်အောင့်ပြီး နာမယ်၊ ရင်ထဲမှာ မွန်းကျပ်ကျပ်ကြီးဖြစ်လာမယ်၊ နှာခေါင်းသွေးလျှံမယ်၊ ခြေလက်တွေ ထုံကျဉ်မယ်၊ မောပြီး ချွေးထွက်မယ်၊ ခြေထောက်တွေ ကြွက်တက်မယ်၊ ရင်တုန်မယ်၊ ခဏခဏ ဆီးသွားမယ်၊ အဲဒီလိုတွေ ဖြစ်လာတာပေါ့ နွယ်နီရယ်"

တူမလေးနွယ်နီက "ကြီးကြီးမေ ရေပုလင်းပါလာတယ်၊ ရေသောက်မလား" ဟုဆိုပြီး သူလွယ်ထားသော ရေသန့်ဘူးလေးကိုဖွင့်ကာ ရေတိုက်ပါသည်။

"ကြီးကြီးမေ အမောပြေသွားပြီနော်၊ အဲဒီ သွေးတိုးရောဂါမှာ သောက်ရတဲ့ဆေးတွေက တချို့ခေါင်းမူးတယ်၊ ခေါင်းကိုက်တယ်၊ ဝမ်းချုပ်တယ်လို့ သိရတယ်၊ အဲဒီလိုဖြစ်ရင် သူ့ကိုကြည့်တဲ့ဆရာဝန်က ဆေးပြောင်းပေးရမှာပေါ့နော်"

"မှန်တာပေါ့သမီး...၊ ကိုယ်ဝန်ဆောင်တွေမှာ သွေးတိုးရင် အရမ်းခေါင်းကိုက်မယ်၊ ခြေထောက်တွေလည်း ဖောရောင်မယ်၊ သူ့တင်မကဘူး၊ သူ့ဗိုက်ထဲက ကလေးပါ ကျန်းမာရေး ထိခိုက်နိုင်တယ်၊ အန်ချင် ပျို့ချင်ဖြစ်ပြီးတော့ မျက်စိတွေလည်းပြာလာမယ်၊ ခေါင်းတွေလည်း ကိုက်မယ်၊ သတိလည်းမေ့မယ်ဆိုရင်၊ ဆရာဝန်ပေးတဲ့ဆေးလည်း မသောက်ဘူး ဆိုရင်တော့ နှလုံးရောဂါရရင်ရ၊ မရရင် လေဖြတ်မှာပဲ"

နွယ်နီသည် ပခုံးကလေးနှစ်ဖက် တွန့်သွားသည်။

"Diastolic Pressure တကယ်လို့များ အောက်သွေးက ၁၃၀ အထိ ချက်ချင်းတက်သွားရင် အသက်အန္တရာယ် စိုးရိမ်ရတာပေါ့ သမီးရယ်၊ ကဲ....ကဲ ဒီနေရာကလှည့်ပြီးပြန်ကြစို့"

ကျွန်မတို့သည် ပန်းကန်လုံးကျွန်းအနီးမှ အိမ်ပြန်ရန် လေရှူရင်း တဖြည်းဖြည်း လျှောက်လာခဲ့ပါသည်။

"ကြီးကြီးမေ ဒါဖြင့်ရင် သွေးမတိုးအောင် ဘယ်လိုလုပ်ကြရမလဲဟင်..." တူမလေးနွယ်နီက စိတ်ပါဝင်စားစွာ မေးပါသည်။

"ကျန်းမာရေးကောင်းစေချင်ရင် ဆေးလိပ်သောက်နေသူက ဆေးလိပ်ကို ဖြတ်ပစ်ရမယ်၊ အရက်ကိုလည်း လျှော့သောက်ရမယ်၊ ဝိတ်လျှော့ရမယ်၊ အစားမှန်ရမယ်၊ အရေးကြီးတာကတော့ မျှတတဲ့ အစားအစာ၊ ထမင်းဟင်း ချက်တဲ့အခါဆားမငန်ရဘူး၊ ဆားလျှော့ထည့်၊ အဆီလျှော့၊ ဟင်းသီးဟင်းရွက် သစ်သီးများများစား၊ ငါးများများစား၊ ဗီတာမင်စီတို့၊ ကယ်လ်စီယမ်တို့ ဓာတ်သတ္တုတွေညီမျှအောင် စားရမှာပေါ့"

တူမလေးက "ကြီးမေ ကိုယ်လက်လှုပ်ရှားမှုက အရေးမကြီးဘူးလား"

ကျွန်မသည် သဘောကျ၍ ပြုံးလိုက်ပါသည်၊ "အဲဒါ အရေးကြီးဆုံးပေါ့၊ လမ်းမှန်မှန်လျှောက်ပေးရမယ်၊ အနည်းဆုံး နံနက်နာရီဝက်၊ ညနေနာရီဝက်တော့ လျှောက်သင့်တာပေါ့၊ နောက်တစ်ခုကတော့ လေ့ကျင့်ခန်းအချိန်မှန်မှန်လုပ်ဖို့လည်း အရေးကြီးတယ်"

ကျွန်မသည် ရုတ်တရက်စကားဖြတ်၍ "နောက်တစ်ခုအရေးကြီးတာ ဘာရှိသေးလဲ" ဟုမေးလိုက်ရာ နွယ်နီသည် မျက်တောင်ကော့လေးကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ.....

"စိတ်ဖိစီးမှုဒဏ်ကရော အရေးမကြီးဘူးလား ကြီးကြီးမေ"

ကျွန်မသည် သဘောကျစွာ ခေါင်းညိတ်လိုက်ပါသည်။ "အရေးကြီးတာပေါ့ သမီးရယ်၊ တရားထိုင်တာတို့၊ Yoga (ယောဂ) လေ့ကျင့်ခန်းတို့ လုပ်ပြီး စိတ်ကိုပျော်အောင်၊ အေးချမ်းအောင်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ ကင်းဝေးအောင် နေထိုင်ဖို့လိုတာပေါ့"

"ကြီးမေ သွေးကျဆေးတွေ သောက်တဲ့အခါ သောက်လိုက်၊ ဖြတ်လိုက် လုပ်လို့ရသလား"

"ဆေးတစ်ခုကို ကလေးကစားသလို စမ်းသောက်လိုက်၊ ဖြတ်လိုက် လုပ်လို့ မရဘူး၊ ဆရာဝန်နဲ့ တိုင်ပင်ပြီးတော့ အမြဲသောက်ရင်လည်း သောက်ရမှာပဲ"

"ကြီးကြီးမေ နှလုံးရောဂါမရအောင်၊ သွေးမတိုးအောင် အစားအသောက် အနေအထိုင် ဘယ်လိုလုပ်ရမလဲ"

- "ကိုယ်စားတာကို ကိုယ်ကြည့်စားလေ၊ ဆား၊ အငန်နှင့် အဆီတို့ သင့်တင့်မျှတအောင် စားရမယ်၊ အကောင်းဆုံးကတော့ လျှော့စားဖို့ပေါ့။
- လေ့ကျင့်ခန်းများများလုပ်၊ အေရိုးဗစ်တို့ ဘာတို့လဲ ကစားပေါ့၊ နှလုံးနဲ့သွေးကြောတွေကလည်း အလုပ်မှန်မှန် လုပ်နိုင်တာပေါ့။
- တကယ်လို့ ဖက်တီးလေးဖြစ်လာရင် ကိုယ့်ကိုယ်ကို ချင့်ချိန်ပြီး လှပအောင်နေရမှာပေါ့၊
- ဆေးလိပ်သောက်တာတော့လုံးဝမကောင်းဘူး၊ ဆေးလိပ်သောက်တဲ့ အကျင့်ရှိရင် ချက်ချင်းရပ်ပစ်လိုက်ရမယ်။
- ကဲ...သမီးရေ၊ သွေးတိုးရောဂါအကြောင်း ဒီလောက်ဆို နားလည်ရောပေါ့နော် ပြန်ကြစို့"

ကျွန်မသည် နွယ်နီ၏လက်ကလေးကို ဆုပ်ကိုင်ပြီး လက်တွဲကာ လမ်းလျှောက်လိုက်ပါသည်။

"အရေးကြီးတာကတော့ တူမလေးနွယ်နီရေ၊ အစားအသောက်၊ အနေအထိုင် ကျန်းမာအောင်နေရမယ်၊ ရင်ထဲမှာ ဖြူစင်သန့်ရှင်းပြီး ပျော်ပျော်ရွှင်ရွှင်နေရမယ်၊ အဲဒီတော့ လူလည်းလှ စိတ်လည်းလှ ရင်ထဲမှာ မေတ္တာအပြည့်နဲ့နေရင် သွေးတိုးရောဂါဘေးကြီးက ကင်းဝေးသွားမှာပါပဲ"။ ။

ကျန်းမာရေးကောင်းစေချင်ရင် ဆေးလိပ်သောက်နေသူက ဆေးလိပ်ကို ဖြတ်ပစ်ရမယ်၊ အရက်ကိုလည်း လျှော့သောက်ရမယ်၊ ဝိတ်လျှော့ရမယ်၊ အစားမှန်ရမယ်၊ အရေးကြီးတာကတော့ မျှတတဲ့ အစားအစာ၊ ထမင်းဟင်း ချက်တဲ့အခါ ဆားမငန်ရဘူး၊ ဆားလျှော့ထည့်၊ အဆီလျှော့၊ ဟင်းသီးဟင်းရွက် သစ်သီးများများစား၊ ငါးများများစား၊ ဗီတာမင်စီတို့ ကယ်လ်စီယမ်တို့ ဓာတ်သတ္တုတွေညီမျှအောင် စားရမယ်။

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်ညွှန်မှူး တောင်လုံးညို-ကသစ်တိုင်းလမ်းစစ်ဆေး

ရွှေတောင် နိုဝင်ဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၆ရက်က ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လမ်း၊တံတား ပြုပြင်တည်ဆောက်ရေး၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ မြို့ရေပေးရေးနှင့် ကျေးလက်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ ယာဉ်၊ စက်ယန္တရားများကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ အရည်အသွေး ပြည့်မီရေး၊ အလေအလွင့် မရှိစေရေး၊ ယာဉ်၊ စက်ယန္တရားများ အသုံးပြုနိုင်ရေး အတွက် အလေးထားဆောင်ရွက်ရေးနှင့် ဘဏ္ဍာရေးနှစ်တွင် လျာထားသည့် ဝင်ငွေများ၊ ဥပဒေစည်းမျဉ်း၊စည်းကမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နေသည့် ကျေးလက်လမ်းဖြစ်သော ရွှေတောင်မြို့နှင့် ကသစ်တိုင်း အုပ်စုသို့ ဆက်သွယ်သည့် တောင်လုံးညို-ကသစ်တိုင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**



စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဘုတ်ပြင်း နိုဝင်ဘာ ၁၈

ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၈/၂၀၀၈)ကိုအောက်တိုဘာ ၂၁ရက်က အုန်းတောကမ်း ကျေးရွာလင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

❒ *ကျော်ဖုံးမှ*

ရေနံချောင်းမြို့သို့ ရောက်ရှိစဉ် ရေနံချောင်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက မြန်မာ့အလင်းသတင်းအဖွဲ့အား ကြိုဆိုပြီး စက်မှုဇုန်နယ်သို့ခေါ်သွားရန် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်မိတ်ဆက်ပေးသည်။ စက်မှုဇုန်သို့မရောက်မီ ဥက္ကဋ္ဌဦးကျော်နိုင်ထွန်းအား ရေနံချောင်းမြို့နှင့် ပတ်သက်၍

"ပြည်ပသွင်းကုန် အစားထိုးနိုင်ပြီး နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက အလုပ်အကျွေးပြုဖို့ ရည်ရွယ်ထုတ်လုပ်တာ ဖြစ်ပါတယ်"

ဦးထွန်းဝေ(စက်ရုံမှူး)
STAR မော်တော်ဆိုင်ကယ်
ထုတ်လုပ်ရေး၊
ရွှေနဂါးစက်မှုလုပ်ငန်း

သိလိုသော အချက်အလက်များကို မေးမြန်းကြည့်ရာ ရေနံချောင်းမြို့တွင် လူဦးရေလေးသောင်းကျော်ရှိကြောင်း၊ လယ်မြေဧက တစ်ထောင်ကျော်ရှိ၍ ယာမြေဧကတစ်သောင်းကျော်ရှိကြောင်း၊ စားသုံးဆီဖူလုံမှုရှိပြီး၊ ဆီထွက် သီးနှံ၊ မြေပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ရေနံချောင်းစက်မှုဇုန် စတားမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေး ရွှေနဂါးစက်မှုဇုန်လုပ်ငန်းသို့ ရောက်ရှိကြပြီး မြို့နယ်ဥက္ကဋ္ဌ၏ မိတ်ဆက်ပေးခြင်းကြောင့် စက်ရုံမှူး ဦးထွန်းဝေနှင့်တွေ့ဆုံပြီး သိရှိလိုသော အချက်အလက်များကို မေးဖြစ်ခဲ့သည်။ စက်ရုံသို့ဝင်လိုက်သည်နှင့် ထုသံရိုက်သံများ ကြားရပြီး လုပ်ငန်းလုပ်နေကြသည့် လုပ်သားများနှင့် မော်တော်ဆိုင်ကယ် အပိုင်းအစများ၊ ရုပ်လုံးပေါ်နေပြီဖြစ်သော မော်တော်ဆိုင်ကယ်များကို တွေ့လိုက်ရသည်။

စတားမော်တော်ဆိုင်ကယ်

စတားမော်တော်ဆိုင်ကယ် လုပ်ငန်းကို ၂၀၀၁ခုနှစ်က စတင်ပြီး ကြိုတင်ပြင်ဆင်မှုများ လုပ်ခဲ့သည်။ ၂၀၀၃ခုနှစ်တွင် စက်ရုံလုပ်ငန်း စတင်လည်ပတ်ခဲ့သည်။ ဆိုင်ကယ်လေး ငါးဆယ်စီးမှ ၁၁၃စီးအထိ ကြိုတင်ထုတ်လုပ်ကြသည်။ ၁၀-၁၂-၂၀၀၄ရက်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ရောက်ရှိလာပြီး နိုင်ငံတော်အကြီးအကဲ၏ အားပေးဖြည့်ဆည်းမှုကြောင့် ပထမအစတွင် လက်ဖြင့်ပြုလုပ်ကြရာမှ ၂၀၀၅ခု ၂၀၀၇ ခုနှစ်တွင်မှ စက်ယန္တရားများဖြင့် လုပ်ကိုင်နိုင်ကြသည်။ ၂၀၀၃-၂၀၀၄တွင် မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုသည် ၂၆၁၁၉စီး ရှိခဲ့သည်။

ဈေးကွက်

စတင်ထုတ်လုပ်စဉ်က ကြိုတင်ငွေယူပြီး ထုတ်လုပ်ခဲ့၍ ယခုအခါတွင် ကြိုတင်ငွေမယူတော့ဘဲ လက်ငင်းငွေယူ၊ လက်ငင်းပေးစနစ်ဖြင့် ထုတ်လုပ်ပေးနေသည်။ ဆိုင်ကယ်တစ်စီးလျှင် ယခုအခါတွင် ကျပ်ခုနစ်သိန်းခွဲ၊ ရှစ်သိန်းဖြင့် လိုင်စင်ပါ အပြီးအစီးဖြင့် ရောင်းချပေးသည်။ စတားမော်တော်ဆိုင်ကယ်များကို အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ စစ်ဆေးပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ပေးသည်။ မောင်းနှင်ခွင့် လိုင်စင်နှင့်တတွဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးကြောင်းသိရသည်။

စတားမော်တော်ဆိုင်ကယ် ထုတ်လုပ်သည့် ရည်ရွယ်ချက်မှာ ရေနံချောင်း စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာ စံချိန်စံညွှန်းပြည့်မီသည့် မော်တော်ဆိုင်ကယ်များကို အများပြည်သူတို့ ဈေးနှုန်းချိုသာစွာ သုံးနိုင်ရန်၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ ၂၀၀၈-၂၀၀၉ခုနှစ်အတွက် ထုတ်လုပ်မှုအားမှာ ၄၅၀၀ရှိသည်။ ၂၀၀၇-၂၀၀၈တွင် အစီးရှစ်ထောင် ထုတ်လုပ်ခဲ့သည်။ ထုတ်လုပ်မှု လျော့နည်းခြင်းမှာ လေလံဖြင့် မော်တော်ဆိုင်ကယ်များ ရောင်းချပေးသဖြင့် ဝယ်လိုအား လျော့သွားခြင်းကြောင့်ဖြစ်သည်။

အင်ဂျင်ထုတ်လုပ်

လောလောဆယ်အားဖြင့် 90-CC နှင့် 110 CC နှစ်မျိုး ထုတ်လုပ်ခဲ့ပြီး ယခုအခါ 125-CC ထုတ်လုပ်နေသည်။ မော်တော်ဆိုင်ကယ် ထုတ်လုပ်ရာတွင် ဆိုင်ကယ်အင်ဂျင်မှတစ်ပါး ကျန်သောပစ္စည်း ၆၅ ရာခိုင်နှုန်းဖြင့် ထုတ်လုပ်နေသည်။ ၃၅ ရာခိုင်နှုန်းကို ပြည်ပမှ ဝယ်ယူထုတ်လုပ်ပြီး အင်ဂျင်ထုတ်ရန် စီမံချက်ချမှတ်ထားသည်။ အင်ဂျင်ထုတ်လုပ်ရန် စက်ရုံကြီး တည်ဆောက်မည်ဖြစ်ရာ အလုပ်သမားအနည်းဆုံး ငါးထောင်မှ တစ်သောင်းအထိ ခန့်ထားဆောင်ရွက်သွားမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုအတွက် နိုင်ငံတော်က ဖြည့်ဆည်းမှုများပေးရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့က လိုအပ်သောပံ့ပိုးမှုများပေးသည်။ ယခုအခါ မော်တော်ဆိုင်ကယ်စက်ရုံတွင် အလုပ်သမားဝန်ထမ်း ၂၆၀ကျော်ရှိကြောင်း စက်ရုံမှူး ဦးထွန်းဝေက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

စက်ရုံအတွင်း၌ ဝန်ထမ်း ၂၀၀ ကျော်ရှိသည့်အလျောက် လုပ်ငန်းအလိုက် အမျိုးသားနှင့် အမျိုးသမီးများကိုလည်း တွေ့ခဲ့ရသည်။ စတား မော်တော်ဆိုင်ကယ်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးထူထောင်နိုင်သော မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ တစ်ရုံဖြစ်သည်။ စက်ရုံလုပ်ငန်းကို မြန်မာ့စက်မှု ဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလုပ်ငန်းရှင် ဦးရဲမြင့်-ဒေါ်ဝင်းမော်ထွန်း တို့က ဦးစီးဆောင်ရွက်လျက်ရှိကြောင်း သိရှိခဲ့ရသည်။ ။ **(မြန်မာ့အလင်း)**

တပ်ဆင်ပြီး မော်တော်ဆိုင်ကယ်များနှင့် တပ်ဆင်ဆဲ မော်တော်ဆိုင်ကယ်များကို အလုပ်ရုံအတွင်း ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁၁-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၇။ သီချင်းကြီးပဒေသာ
၈း၂၀ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ **အန္တရာယ်ကင်းစေဘေးရှင်းစေ** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၂း၅၀ ၁။ တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) **ကိုရီးယား(ဟွန်ဒိုင်း)နှင့် အင်ဒိုနီးရှား**
၄း၄၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၅၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၅း၀၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၅။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၀ ၆။ တေးဂီတအစီအစဉ်
၅း၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ မြန်မာ့ခလေ့ရိုးရာလက်ဖွေ့
၇း၀၅ ၁၁။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင် (ဒါရိုက်တာ-ကြည်သာ၊ ပွဲကြိုက်ခင်)
၇း၂၅ ၁၂။ **ဆိုလိုက်ကြစို့**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ထိရဘူးနော်** နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)

အများပြည်သူသိရှိရန်အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ထုတ်လုပ်သူကုမ္ပဏီအမည် ဖော်ပြထားခြင်းမရှိသည့် Made in R.P.C ဟုဖော်ပြထားသော "KAV Ampicillin BP 250mg Capsule" ဆေးအတုရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။
၂။ ဈေးကွက်မှရရှိသည့် အဆိုပါ KAV Ampicillin BP 250mg Capsule မှာ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိပါကြောင်းနှင့် ဆေးဘူးခွံမှာ သေသပ်ခိုင်မာခြင်းမရှိပါကြောင်း တွေ့ရှိရပါသည်။
၃။ အဆိုပါဆေးကို ဓာတ်ခွဲစမ်းသပ်ရာတွင် ဆေးဝါးအာနိသင် လုံးဝ(လုံးဝ)မပါရှိပါကြောင်း၊ ဆေးဝါးအတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။
၄။ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများပျောက်ကင်းခြင်း (လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသော အခြေအနေကို ဆိုက်ရောက်နိုင်ပါသည်။
၅။ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ ရောင်းချခြင်း လုံးဝမပြုပါရန်နှင့် စစ်ဆေးဖော်ထုတ်တွေ့ရှိပါက အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အထက(၃)လှိုင် (အိုကေကျောင်း) တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်း လှိုင်မြို့နယ် အထက(၃) လှိုင် (အိုကေကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်တွင် အထက(၃) လှိုင် (အိုကေကျောင်း)ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

ဆရာ ဆရာမများအတွက် ဂါရဝပြု အလှူငွေများကို ကိုသက်လွင်ဦး ဖုန်း-၀၉-၅၁-၇၄၂၂၉၊ ကိုရေချမ်း ဖုန်း-၀၁-၅၂၂၁၈၆၊ ကိုမြင့်စိန် ဖုန်း-၀၉-၅၁-၆၇၃၈၆၊ ၀၁-၅၂၂၁၆၇၊ ကိုငွေအောင် ဖုန်း-၀၉-၅၁-၄၂၈၆၂ နှင့် ကိုမျိုးမြင့် ဖုန်း-၀၉-၅၁-၄၇၀၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၁၈

စက်မှု(၁)အထူးဈေးရောင်းပွဲတော် ကျင်းပမည်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ၂ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဗဟန်းမြို့နယ် စက်မှု(၁)ဝန်ထမ်း အိမ်ရာဝင်း၌ ကျင်းပမည်ဖြစ်သည်။

ဓာတ်ပုံပညာရှင် ဦးဖေခင် ဓာတ်ပုံပြပွဲ

မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယက ဝါရင့်ဓာတ်ပုံပညာရှင် ဦးဖေခင်(ဖေခင်-မီးရထား)၏ ဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၂၈ရက်မှ ၃၀ရက်အထိ သမ္မတဟိုတယ်၌ ခင်းကျင်း ကျင်းပမည်ဖြစ်သည်။

သူနာပြုနှင့် သားဖွားအသင်း သက်ကြီးပူဇော်ပွဲ

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက ကြီးမှူး၍ အသက် ၇၀နှင့်အထက် သူနာပြုသားဖွားကျန်းမာရေး ဆရာ ဆရာမကြီးများအား (၂၇) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ၂၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ်(တိုးချဲ့ဆောင်) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စိန့်ဂျွန်းဒိုင်အိုစီစင် ယောက်ျားကလေးကျောင်း အာစရိယပူဇော်ပွဲ

(၁၉၅၅-၇၀) ခုနှစ်အတွင်း စိန့်ဂျွန်းဒိုင်အိုစီစင် ယောက်ျားကလေးကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းနေဖက်သူငယ်ချင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ပေါက်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

တောင်ကြီးကောလိပ် အာစရိယပူဇော်ပွဲကျင်းပမည်

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ဒသမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၂၇ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန် YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အမ်းမြို့ အထက ရွှေရတုပွဲ

ရခိုင်ပြည်နယ် အမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၇ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမ်းမြို့ အထက သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆေးတက္ကသိုလ်(၂)ရန်ကုန် အာစရိယပူဇော်မည်

ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ (၁၉၈၂-၁၉၈၃-၁၉၈၄)ခုနှစ် နိုဝင်ဘာတွင် ပထမနှစ် စတင်သင်ကြားခဲ့ကြသော သူငယ်ချင်းများစုပေါင်း၍ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ရှိ Dolphin Restaurant ၌ ကျင်းပမည်ဖြစ်သည်။

မြို့မကျောင်းသားဟောင်းအသင်း အာစရိယပူဇော်ပွဲ

နှစ်ပေါင်းများစွာ ကွဲကွာခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ သက်ကြီးအမှုဆောင်ဟောင်းကြီးများအား ပူဇော်ကန်တော့ရန်အတွက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့မကျောင်းသား ကျောင်းသူအသင်းက ကြီးမှူးကျင်းပမည့် (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အသင်းတိုက်ရှိရာ အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ်တွင် နိုဝင်ဘာ ၂၂ရက်(အမျိုးသားနေ့) နံနက် ၉နာရီခွဲ၌ ကျင်းပမည်ဖြစ်သည်။

ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် အခမ်းအနား

၁၉၉၃ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းသည် ယခု ၂၀၀၈ခုနှစ်တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ (၁၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း၌ ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

လက်ပံတန်းမြို့နယ်အသင်း ရွှေရတုသဘင်

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် (၃၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို နိုဝင်ဘာ ၂၄ရက် နံနက် ၉နာရီတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)၌ ကျင်းပမည်ဖြစ်သည်။

ဆေးနှင့်ဆေးပစ္စည်းကုန်သည်များ နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ- အထက်မင်းလှညွန့်အောင်

တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲ သံဖြူဇရပ်မြို့နယ် စက်စဲပင်လယ်ကမ်းခြေ၌ ကျင်းပ

သံဖြူဇရပ် နိုဝင်ဘာ ၁၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာပင်လယ်ကမ်းခြေ၌ တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲကို နိုဝင်ဘာ၁၁ရက် ညနေ ၃နာရီက ကျင်းပသည်။

တန်ဆောင်တိုင်ပွဲတော် ကျင်းပရာသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအရာရှိများ၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ သံဖြူဇရပ်မြို့ပေါ်ရှိ ပြည်သူများ၊ ကျိုက္ခမီ၊ စက်စဲကျေးရွာများနှင့် ပင၊ နှစ်တိုင်း၊ ကျုံကဒတ်၊ ပဒိုင်နှင့် ကွမ်သတ်ကျေးရွာများမှ ပြည်သူများက တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ပါဝင်ယှဉ်ပြိုင်

သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများလည်း ကျင်းပပြီး အတီးအမှုတ်၊ အကအခုန်များဖြင့် ပြည်သူများ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။

ညနေ ၆နာရီတွင် မီးပုံးပျံလွှတ်တင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုကို သံဖြူဇရပ်မြို့ ကြာကန်ရပ်ကွက်မှ လွှတ်တင်သော စွမ်းအားရှင်မီးပုံးပျံက လည်းကောင်း၊ ဒုတိယဆုကို သံဖြူဇရပ်မြို့ပေါ်ရပ်ကွက်များမှ စုပေါင်းလွှတ်တင်သော စုပေါင်းအင်အား မီးပုံးပျံကလည်းကောင်း၊ တတိယဆုကို ပဒိုင်ကျေးရွာအုပ်စုမှ လွှတ်တင်သော စည်းလုံးခြင်းအင်အား မီးပုံးပျံကလည်းကောင်း ရရှိကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယဆုများကို မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်ကလည်းကောင်း၊ နှစ်သိမ့်ဆုများကို မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့အဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့်အဖွဲ့ စက်တင်ဘာ ၁၉ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကန်ကြီးရပ်ကွက် စက်ရေတွင်းတူးဖော်မှုကို အောက်တိုဘာ ၂၂ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တနိုင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

တနိုင်း နိုဝင်ဘာ ၁၈

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တနိုင်းမြို့နယ်အတွင်း ငါးသယံဇာတ ပေါကြွယ်ဝလာစေရေးနှင့် အင်းငါးထုတ်လုပ်မှု မြင့်မားတိုးတက်လာစေရေးအတွက် တနိုင်းချောင်းအတွင်းသို့ ငါးသားပေါက် ငါးသန်နှစ်သိန်းစိုက်ထည့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက်က တနိုင်းတံတားအနီး၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားသို့ တနိုင်းတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ဝင်းနှင့် အရာရှိများ၊ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်လ်တူးရိန်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရေလုပ်သားကြီးများနှင့် မြို့မမြို့ဖများ တက်ရောက်၍ စုပေါင်းငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ငါးလုပ်ငန်းဦးစီး)

မြို့နယ် သတင်းများ

အကြိမ်(၈၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၈

(၃၂)ကြိမ်မြောက် သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနခွဲမှ ဒု-လက်ထောက် ဦးစီးမှူး ဦးကျော်ဟန်လူမှုထူးချွန်(ပထမဆင့်)ဆုရှင် **(အပေါ်ပုံ)** သည် ရန်ကုန်အမျိုးသားသွေးလှူဘဏ်တွင် နိုဝင်ဘာ ၁၀ရက်က အကြိမ်(၈၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထီးလင်းမြို့ ပျိုးဥယျာဉ်၌ အပင်များပျိုးထောင်

ထီးလင်း နိုဝင်ဘာ ၁၈

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့သည် နိုဝင်ဘာ ၅ရက်က ထီးလင်းမြို့သို့ရောက်ရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စက္ကူ၊ နွယ်သာကီ၊ ပန်းအိုးနှင့်ခရာဝါပင်များ ပျိုးထောင်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်လွင်က ရှင်းလင်းတင်ပြသည်။ (၀၇၀)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးမှူး ဖန်းမော်မြို့၌ စာဆိုတော်နေ့ အကြိုစာပေဟောပြော

ဖန်းမော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အကြိုစာပေဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၉နာရီက ဖန်းမော်မြို့ အထက(၁) အောင်တံခွန်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစံဝက ဖတ်ကြားသည်။

ထို့နောက် စာရေးဆရာဇန်ဇန်က ပူးပေါင်းဆောင်ရွက်ကြမယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်စိုးထိုက်(သုံးဆယ်)က စကားလက်ဆောင်၊ စာလက်ဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာဆရာ မြင်းမူမောင်နိုင်မိုးက ဘဝထဲကကဗျာ၊ ကဗျာထဲကဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ လယ်တွင်းသားစောချစ်က ဘဝထဲကစာ၊ စာထဲကဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများကို အသီးသီး ဟောပြောသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ သက်ကြီးစာပေပညာရှင်များအတွက် ဖန်းမော်မြို့နယ်က အလှူငွေကျပ်တစ်သိန်းကို ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်ကပေးအပ်ရာ စာရေးဆရာလယ်တွင်းသားစောချစ်က လက်ခံယူသည်။ ဆက်လက်၍ စာရေးဆရာများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

စာပေဟောပြောပွဲသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထက(၁)၊(၂)နှင့်(၃)တို့မှ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့် သူနာပြုသင်တန်းသူများ စုစုပေါင်းအင်အား၇၀၀ကျော် တက်ရောက်ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ပြသထားသည့် စာအုပ်ပြပွဲနှင့်စာပေအရောင်းဆိုင်တို့ မှ သုတ၊ရသ စာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုဝယ်ယူ အားပေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းအတွက် လမ်းဘေးဝဲယာတစ်လျှောက် အမှိုက်များ သိမ်းဆည်းခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို အဖွဲ့ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ရာသို့ အောက်တိုဘာ၂၈ရက်က အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မရမ်းကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဲခူးတွင်လေ့လာ

ပဲခူး နိုဝင်ဘာ ၁၅

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မောင်ကျေးဇူး ဦးဆောင်သည့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ရက်က ပဲခူးမြို့သို့ လေ့လာရေးခရီး ရောက်ရှိကြသည်။

ပြောကြား

ထို့နောက် ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)၊ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးကျော်စိုး(မောင်ကျေးဇူး)၊မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကကမ္ဘာလှည့် ဒေါ်တင်တင်စိန်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ပဲခူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)နှင့် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်(မရမ်းကုန်း)တို့သည် အထိမ်းအမှတ်အလံများ လဲလှယ်ကြပြီး မေတ္တာလက်ဆောင်စာအုပ်စာတမ်းများ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်သို့ သွားရောက်လေ့လာကြသည်။

မြေနန်းပြာသဒ်ခန်းမဆောင်ကြီးတွင် ရှေးဟောင်းသုတေသနဦးစီးဌာန၊ စာကြည့်တိုက်၊ ပြတိုက်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ခင်က ကမ္ဘောဇသာဒီနန်းတော်အကြောင်း သိကောင်းစရာများကို မြေပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ မရှင်းလင်းသည်များကို လေ့လာရေးအဖွဲ့ဝင်များက မေးမြန်းကြပြီး မြေနန်းပြာသဒ်အတွင်းလှည့်လည်လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် နံနက်ပိုင်းအလာခရီးတွင် မင်္ဂလာဒုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကြပြီး ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဆည်မြောင်းသင်တန်းကျောင်းသို့ပါ ဝင်ရောက် လေ့လာကြသည်။ (၀၆၀)

ချောင်းဦးမြို့ ကျန့်စစ်သားလမ်းတံတား အသစ်တည်ဆောက်ရန် ကျောက်စုဆောင်းထားရှိမှုကို အောက်တိုဘာ၃၀ရက်က အမှုဆောင်အရာရှိဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒုတိယဦးစီးမှူး(အခွန်)တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆားလင်းကြီး(အထက) အာစရိယပူဇော်ပွဲ

ဆားလင်းကြီး နိုဝင်ဘာ ၁၈

မုံရွာခရိုင် ဆားလင်းကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဆားလင်းကြီးမြို့(အထက) ပန်းမြတ်သဇင်ခန်းမ၌ စတုတ္ထအကြိမ် စုပေါင်းကန်တော့ကြမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းထည့်ဝင်လိုသူများသည် ဆားလင်းကြီးမြို့ရှိ ဦးနေဝင်း(မြို့နယ်ပညာရေးမှူးရုံး)၊ဦးဗိုလ်ဝန်း ဖုန်း-၀၇၁-၂၂၉၇၈၊ ၀၇၁-၂၂၉၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ဦးမြို့နယ် ဖြူထွားကျေးရွာ၌ အချင်း လေးလက်မ၊ အနက် ပေ ၈၆၀ရှိ စက်ရေတွင်းကို အောက်တိုဘာ ၁ရက်က ပြုပြင်ဆောင်ရွက်ပေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းညွန့်လေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (ရုံးခွဲ) ရန်ကုန်မြို့ရှိ ရုံးအဆောက်အအုံများတွင် မျက်နှာကြက်များပြုပြင်ရန် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ချိပ်ပိတ်တင်ဒါများတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ရုံးအဆောက်အအုံ	ဆောင်ရွက်မည့်လုပ်ငန်း
၁။	စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန(ရုံးခွဲ) ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့	(က)မျက်နှာကြက်ဧရိယာ ၂၄၂၇၂ စတုရန်းပေ ပြုပြင်ခြင်းလုပ်ငန်း (ခ) မျက်နှာကြက်ဧရိယာ ၂၄၂၇၂ စတုရန်းပေ ရေဆေးနှစ်ထပ် သုတ်ခြင်းလုပ်ငန်း

၂။ တင်ဒါတင်သွင်းသူသည် လုပ်ငန်းဆောင်ရွက်မှုတန်ဖိုးကို (B.Q)နှင့်တကွ ပူးတွဲ၍ ၂၆- ၁၁-၂၀၀၈ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးခွဲ) ရန်ကုန်မြို့သို့ ချိပ်ပိတ်လျက်တင်သွင်းရန်ဖြစ်သည်။ တင်ဒါရွေးချယ်ရာတွင် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၃၃၃၆

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အိမ်ထောင်ခွဲသမီးဖြစ်သူ မအိအိထွန်း ၇/တငန(နိုင်)၀၉၉၉၃၃သည် လွန်ခဲ့သည့် ခြောက်နှစ်ကျော်က မိမိ၏သဘောဆန္ဒအလျောက် အိမ်ထောင်ပြုသွားကာ နေအိမ်မှ ဆင်းသွားခဲ့ပြီး ယခုအခါ မိသားစုများအား နည်းမျိုးစုံဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်နှင့် ဒုက္ခအမျိုးမျိုးပေးနေပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။)

မိဘ-ဦးမောင်မောင်-ဒေါ်စန်းစန်းညွှန့်(တောင်ငူ)။

မောင်ဖုန်းမြတ်ယဉ်မြင့်(ခ)ငယ်ငယ်အတွက်
မွေးနေ့ဆုတောင်း

၁၉-၁၁-၂၀၀၈ရက်တွင်ကျရောက်သော မောင်ဖုန်းမြတ်ယဉ်မြင့်၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တတ်သိလိမ္မာပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေ။

အနန္တမေတ္တာများစွာဖြင့်-

ချစ်ဘိုးဘိုး	-	ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း)
ချစ်ဘွားဘွား	-	ဒေါ်ကျင်မြ
ချစ်ဖေဖေ	-	ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်
ချစ်မေမေ	-	ဒေါ်နုနုယဉ်
ချစ်အစ်မ	-	မသက်သက်ယဉ်မြင့်(ခ) အိသက်
ချစ်အစ်ကို	-	မောင်သန့်ဇင်ယဉ်မြင့်(ခ) ဖိုးသီး။

လုပ်ငန်းကျွမ်းကျင်သော စာရင်းကိုင်(မ)တစ်ဦးအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကုမ္ပဏီစာရင်းကိုင်အဖြစ်ခန့်အပ်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော စာရင်းကိုင်အမျိုးသမီးတစ်ဦးအလိုရှိပြီး အရည်အချင်းအပေါ်မူတည်ကာ ထိုက်တန်သောလစာနှုန်းချီးမြှင့်ရန် လျာထားပါသည်-

(က) ပညာအရည်အချင်း - B.Com, CPA/B.Com, LCCI-L (3)/ B.Com (Stat).

(ခ) လုပ်ငန်းအတွေ့အကြုံ - သက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။
- ငွေစာရင်းများစနစ်တကျရေးသွင်းနိုင်ပြီး လချုပ်၊ နှစ်ချုပ်စာရင်းများ ကျွမ်းကျင်စွာ ရေးသွင်းပြုစုနိုင်ရမည်။
- Mr Accounting Software ကျွမ်းကျင်သူဖြစ်ရမည်။
- IT Knowledge ထိုက်သင့်စွာနားလည်၍ Word/Excel/Power Point တို့ကို ကျွမ်းကျင်ရမည်။

(ဂ) အသက် - အသက်(၃၀)ထက်မငယ် (၄၀)ထက်မကြီးစေရ။

(ဃ) အထက်ပါအရည်အချင်းနှင့်ပြည့်စုံသူများသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ ပူးတွဲလျက် Town House(၀၀၃)၊ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၁-၅၆၁၈၇၂ရှိ ကုမ္ပဏီရုံးချုပ်တည်ရာတွင် ၂၈-၁၁-၂၀၀၈ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
(၁) ကိုယ်ရေးရာဇဝင်အကျဉ်း(CV)။
(၂) မှတ်ပုံတင်မိတ္တူတစ်စောင်(မူရင်းကိုပါတင်ပြနိုင်ရမည်။)
(၃) သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်တစ်စောင်။
(၄) အိမ်ထောင်စုဝင်ဇယားမိတ္တူတစ်စောင်။
(၅) ပညာအရည်အချင်းအထောက်အထား မိတ္တူတစ်စောင် (မူရင်းကိုပါတင်ပြနိုင်ရမည်။)
(၆) လုပ်ငန်းအတွေ့အကြုံအထောက်အထားမိတ္တူတစ်စောင် (မူရင်းကိုပါတင်ပြနိုင်ရမည်။)
(၇) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်မူရင်းတစ်စောင်။
(၈) အလုပ်သမားမှတ်ပုံတင်မူရင်း။

၂။ လူတွေ့စစ်ဆေးမည့်ရက်နှင့်အချိန်အား လျှောက်လွှာတင်သွင်းသည့်ရက်တွင် တစ်ပါတည်းအကြောင်းကြားပါမည်။

Town House (၀၀၃)၊ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၁-၅၆၁၈၇၂။

မြန်မာနိုင်ငံဗိသုကာများအသင်း
သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ကျင်းပမည့်နေ့ရက်	-	၂၀၀၈ခုနှစ်၊ နိုဝင်ဘာ ၂၂ရက်၊ (စနေနေ့)
ကျင်းပမည့်အချိန်	-	မွန်းလွဲ ၂နာရီတိတိ
ကျင်းပမည့်နေရာ	-	မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (လှိုင်နယ်မြေဝင်း) Function Hall

သက်ကြီးပူဇော်ပွဲသို့ မြန်မာနိုင်ငံဗိသုကာများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဗိသုကာများအသင်းရုံး ဖုန်းနံပါတ်-၇၂၃၁၀၄သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

မိုးမိုးလွင်၊ တွဲဖက်အတွင်းရေးမှူး(၁)။

နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်
ဦးစီးပဓာနနာယကဆရာတော်ကြီးအား ဂုဏဝိသိဋ္ဌပူဇော်ပွဲ

နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဝိသာရ မဟာထေရ်မြတ်အား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်(၂၀-၁၁-၂၀၀၈ရက်) သောကြာနေ့နံနက် ၈နာရီမှ ညနေ ၃နာရီအထိ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီးတွင် ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်ပါသည်။

သို့ပါ၍ ရပ်ဝေးရပ်နီးတပည့် ရဟန်း၊ သံဃာများ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်နိုင်ရန်လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။ မိမိတို့လှူဒါန်းလိုသော ဝတ္ထုပစ္စည်းများကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးစီးကော်မတီ
(ဂုဏဝိသိဋ္ဌပူဇော်ပွဲကျင်းပရေး)
ဖုန်း-၀၆၇-၂၂၂၂၄၊ ၂၂၁၄၅၊ ၂၁၅၁၀။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်သန်းသန်းနွယ် ၁၂/ကတတ(နိုင်)၀၂၈၉၂၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်၁၆၅၆၅၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပါရန်။ **ဖုန်း-၂၅၀၂၂၅။**

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးမြင့်ဝေ မှတ်ပုံတင်အမှတ် ၁၂/ဒပန (နိုင်) ၀၃၄၈၃၃ (စိတ်ဝေဒနာရှင်)သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်ဆုံးအကြောင်းကြားပေးပါရန်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

အမှတ် ၁၁၁၄၊ နဝရတ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၅၉၀၄၁၁။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုဇော်မျိုးခန့် ၅/ရဘန (နိုင်)၁၄၂၃၁၁ပိုင်ဆိုင်သော ပြည်ရွှေတိုဂျစ်အမှတ် ၈ဃ/၅၅၆၆ ၏ အခွန်စိမ်း ပုံစံ(၁)၊ ကမ(၃)၊ ဗီးတက် VIC များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဇော်မျိုးခန့်
ဖုန်း-၀၉-၅၁-၉၂၂၀၂၊ ၀၉-၅၃-၂၂၁၁၄၊ ၀၉-၈၇-၀၀၉၉၈။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

နေပြည်တော် ပျဉ်းမနား၊ ရေဆင်းရွာနေ (ဦးကျော်ဝင်း)-ဒေါ်နီတို့၏သား

မောင်သောင်းဝင်းကြိုင်(ခ) ကြိုင်ကြီး (Dip-Agri)

နှင့်

နေပြည်တော် ပျဉ်းမနား၊ ရေဆင်းအုပ်စု၊ ကန်သာအေးရွာနေ (ဦးပေါ်ထွန်း-ဒေါ်ခင်ကြွယ်)တို့၏သမီး

ဒေါက်တာရီရီလွင် M.B.,B.S(Mdy)

(လ/ထဆရာဝန်၊ နေပြည်တော် ပျဉ်းမနားဆေးရုံကြီး)

တို့သည် နေပြည်တော်ပျဉ်းမနား မြို့နယ်တရားသူကြီးရှေ့မှောက်တွင် ၁၄-၁၁-၂၀၀၈ရက်(သောကြာနေ့)၌ တရားဝင်လက်မှတ်ရေးထိုးပြီးစီးကြောင်း။

မောင်သောင်းဝင်းကြိုင်(ခ) ကြိုင်ကြီး-ဒေါက်တာရီရီလွင်။

Air Bagan Open Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ Air Bagan Open Golf Championships (ပုဂံပွဲစဉ်)ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ရက်တွင် ပုဂံမြို့ Bagan Resort Golf Club၌ ကျင်းပရာ MPGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမင်းသိမ်း၊ ဦးဇော်မင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမျိုးသားအပျော်တမ်းအဆင့် ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား လည်းကောင်း၊ MGF အမှုဆောင် ဦးကိုကိုလေးက Professional Golfer အဆင့် ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား လည်းကောင်း ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

ဆက်လက်၍ Bagan Resort Golf Club မှ မန်နေဂျာ ဦးအောင်မြင့်က အမျိုးသားအပျော်တမ်းအဆင့် ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၉ချက်ဖြင့် တတိယရရှိသော ဘိုဘိုလေး၊ စုစုပေါင်း ၂၈၃ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်း ၂၈၂ချက်ဖြင့် ပထမရရှိသော အောင်ဝင်း (သစ်တော)တို့အား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfer အဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ၂၉၂ ချက်ဖြင့် တတိယရရှိသော ဇော်ဇင်ဝင်း (Srixon)၊ စုစုပေါင်း ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့် (KM)နှင့် စုစုပေါင်း ၂၈၆ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Srixon)တို့အား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အမျိုးသားအပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ပထမရရှိသော အောင်ဝင်း(သစ်တော)အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ Professional Golfer အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်(Srixon)အား ထပ်ဆင့်ဂုဏ်ပြုဆုငွေကျပ် ချက်လက်မှတ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိမ်းက Bagan Resort Golf Club ကို ဂုဏ်ပြုအမှတ်တရ လက်ဆောင် ပေးအပ်ချီးမြှင့်ရာ Bagan Resort Golf Club မန်နေဂျာ ဦးအောင်မြင့်ကလက်ခံသည်။

Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများ၊ နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတေဇနှင့်အတူ ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ပံ့ပိုးကူညီ

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးရိုက်အားကစားသမားများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan Ltd. နှင့်အတူ Co-sponsors များဖြစ်ကြသော Hotel Yangon, Ruby Dragon (Jade and Gems) Co., Ltd., Alpine Purified Drinking Water, Dagon Brewery Co., Ltd. MY Associates Co., Ltd, Srixon, KM Golf Center, ACCEL International Co., Ltd. (Canon) နှင့် Lifeline(DHEA-Plus) တို့က ပံ့ပိုးကူညီကြမည်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဂျာမနီနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရေး အင်္ဂလန်အသင်း ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရ

လန်ဒန် နိုဝင်ဘာ ၁၈

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်(အောက်ယာပုံ)သည် ခြေထောက်ကြွက်သားဒဏ်ရာရမှုကြောင့် နိုဝင်ဘာ ၁၉ရက်(ယနေ့)တွင် ဂျာမနီလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း၊ အခြားကစားသမားအချို့လည်း ဒဏ်ရာရနေသောကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းအနေဖြင့် ယင်းပွဲစဉ်အတွက် ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း သတင်းတွင်ဖော်ပြသည်။

အနားယူရဖွယ်ရှိ

စတီဗင်ဂျရတ်သည် နိုဝင်ဘာ ၁၅ ရက်က ဘော်လ်တန်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သောပွဲစဉ်၌ ယင်းဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ခုနစ်ရက်မှ ၁၀ရက်အထိ အနားယူရဖွယ်ရှိသည်။

မရေမရာ

မန်ယူအသင်းမှ ဝိန်းရွန်နေနှင့်ရီယို ဖာဒီနန်တို့သည်လည်း ခြေသလုံးကြွက်သားနှင့်ကျောကုန်းဒဏ်ရာ အသီးသီးရရှိထားကြသောကြောင့် ချစ်ကြည်ရေးခြေစမ်းပွဲနှင့် လွဲချော်ဖွယ်ရှိပြီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီပါဝင်နိုင်ရေးမှာလည်း မရေမရာဖြစ်နေသည်။

ဂိုးသမား ဂျိုဟတ်သည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်သောကြောင့် ၄င်း၏နေရာတွင် အင်္ဂလန်လက်ရွေးစင်အသင်း ဂိုးသမားဟောင်းပေါလ်ရော်ဘင်ဆင်အား အစားထိုး ခေါ်ယူထားသည်ဟုဆိုသည်။

(အင်တာနက်)

ကမ္ဘာ့ထိပ်တန်းတင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ် ရှန်ဟိုင်းမာစတာတင်းနစ်သရဖူဆွတ်ခူး

လန်ဒန် နိုဝင်ဘာ ၁၈

ကမ္ဘာ့အဆင့်(၃)ရှိတင်းနစ်အကျော်အမော် နိုဗက်စ်ဒီဂျိုကိုဗစ်သည် နိုဝင်ဘာ၁၆ရက်က ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် နီကိုလေဒါဗီဒင်ကိုအား အနိုင်ရရှိပြီး ၄င်း၏ ပထမဆုံး မာစတာတင်းနစ်သရဖူကို ဆွတ်ခူးရရှိခဲ့သည်။



ရှန်ဟိုင်း မာစတာတင်းနစ်သရဖူ ဆွတ်ခူးနိုင်ခဲ့သူ ဒီဂျိုကိုဗစ်။

ရယူနိုင်ခဲ့

ကမ္ဘာ့ထိပ်တန်း တင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ်သည် ပွဲစဉ်ကျင်းပစဉ် သီတင်းပတ်အတွင်း လက်ရည်ကျခဲ့သော်လည်း ယခုပွဲစဉ်တွင် အကောင်းဆုံး လက်စွမ်းပြကာ ပြိုင်ဘက်အား ၆-၁၊ ၇-၅ ဖြင့် အနိုင်ရရှိပြီး ရှန်ဟိုင်းမာစတာဖလား တင်းနစ်သရဖူကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့သည်။

လွဲချော်ခဲ့ရ

ဒီဂျိုကိုဗစ်သည် အကောင်းဆုံး လက်စွမ်းပြကာ ပွဲစဉ်တစ်ခုလုံးကို စီးမိုးကစားနိုင်ခဲ့သော်လည်း ဒါဗီဒင်ကိုကမူ အကြိုဗိုလ်လုပွဲတွင် အန်ဒီမူရေးအား အနိုင်ယူခဲ့သောလက်ရည်ကို ပြန်လည်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သောကြောင့် ရှန်ဟိုင်းမာစတာတင်းနစ်သရဖူနှင့် လွဲချော်ခဲ့ရခြင်း ဖြစ်သည်။

ထပ်မံဆောင်ကြဉ်း

ဒီဂျိုကိုဗစ်သည် ယခုနှစ် ဇန်နဝါရီလက ဩစတြေးလျအိုးပင်း ဂရင်းဆလမ်း တင်းနစ်သရဖူကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခု ရှန်ဟိုင်းမာစတာတင်းနစ် သရဖူကို ဆွတ်ခူးရယူလိုက်ခြင်းဖြင့် ၄င်း၏ တင်းနစ်ရာသီကို အဆုံးသတ်လိုက်ပြီး အောင်မြင်မှုကို ထပ်မံဆောင်ကြဉ်းနိုင်ခဲ့သည်။

(အင်တာနက်)

ဟန်ဂေရီနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ မြောက်အိုင်ယာလန်ခံစစ်မှူး အခက်အခဲနှင့်ရင်ဆိုင်နေရ

လန်ဒန် နိုဝင်ဘာ ၁၈

မြောက်အိုင်ယာလန် လက်ရွေးစင်အသင်းနှင့် ဟန်ဂေရီလက်ရွေးစင်အသင်းတို့ နိုဝင်ဘာ၁၉ရက် **(ယနေ့)**တွင် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်၌ ခံစစ်မှူးများဖြစ်ကြသော အေအာရွန်ဟုချ်၊ ဂရက်မက်အော်လေနှင့် ဂျော့ချ်မက်ကာနေး**(အပေါ်ယာပုံ)**တို့ သုံးဦးစလုံး ဒဏ်ရာအသီးသီးရရှိထားမှုကြောင့် ပါဝင်ယှဉ်ပြိုင် ကစားနိုင်မည်မဟုတ်ကြောင်း သတင်းတွင်ဖော်ပြသည်။

လွဲချော်

အသင်းခေါင်းဆောင် ဟုချ်သည် ဦးခေါင်းဒဏ်ရာရရှိထားပြီး မက်အော်လေသည် နိုဝင်ဘာ၁၄ရက်က လေ့ကျင့်ကွင်းဆင်းစဉ် တံကောက်ကြော ဒဏ်ရာရရှိခဲ့မှုတို့ကြောင့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်နှင့် လွဲချော်မည်ဖြစ်သည်။ မက်ကာနေးသည် ဆန်းဒါးလန်းအသင်း၏ နောက်ဆုံး ယှဉ်ပြိုင်ခဲ့သော ပွဲစဉ်လေးပွဲတွင် ခြေဖဝါး ဒဏ်ရာရရှိခဲ့မှုကြောင့် အထက်ပါချစ်ကြည်ရေးပွဲစဉ်နှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

လျော့နည်းနေ

ထို့ပြင် စတီဖင်ကရိုင်ဂန်သည်လည်း ပါဝင်နိုင်မည်မဟုတ်သည့်အတွက် မြောက်အိုင်ယာလန် လက်ရွေးစင်နည်းပြ နီဂယ်လ်ဝေါ်သင်တန်အဖို့ ခံစစ်မှူးရွေးချယ်ရေး အကျပ်အတည်းဖြစ်လျက်ရှိသည်။ ခံစစ်မှူး သုံးဦး လျော့နည်းနေသည့် အချိန်တွင် မန်ယူခံစစ်မှူးဂျွန်အီဗန့်မှာမူ ပါဝင်ကစားနိုင်မည်ဟုသိရသည်။ **(အင်တာနက်)**

ချစ်စိုးနိုင် ရေးသားသည်

မန်ယူနှင့် စကော့တလန်ကွင်းလယ် ကစားသမား ဒါရင်ဖလက်ချာ။

ခံစစ်မှူးဆက်ဂနာ ဒဏ်ရာရရှိမှု အာဆင်နယ်အသင်းအား အားလျော့စေခဲ့

လန်ဒန် နိုဝင်ဘာ ၁၈

အာဆင်နယ်အသင်းသည် နိုဝင်ဘာ ၁၅ရက်က အက်စ်တွန်ဗီလာအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ် သရဖူရရှိရေးမျှော်လင့်ချက် ဝေဝါးနေချိန်တွင် ၄င်း၏ ကစားသမား ဆက်ဂနာဒဏ်ရာရရှိခဲ့ခြင်းသည် အသင်းကို အားလျော့စေရန် ထပ်မံထိုးနှက်နေပြန်သည်ဟု သတင်း၌ဖော်ပြသည်။

ပြောကြားခဲ့

အက်စ်တွန်ဗီလာက မိမိတို့အသင်းအား အဖွင့်ဂိုးသွင်းယူခဲ့ပြီးနောက် ဒဏ်ရာရရှိခဲ့သူ ပြင်သစ်နှင့် အာဆင်နယ်ခံစစ်မှူး ဆက်ဂနာသည် သီတင်းပတ်အနည်းငယ်

ဒဏ်ရာရရှိနေသော ဆက်ဂနာ

အနားယူရဦးမည်ဖြစ်ကြောင်း အာဆင်နယ် နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။

အဘွန်လဟော၏ တိုက်စစ်ဆင်ဂိုးသွင်းနိုင်ခဲ့မှုကြောင့် အက်စ်တွန်ဗီလာတို့ အောင်ပွဲဆင်နိုင်ခဲ့ပြီး အာဆင်နယ်အသင်းမှာမူ ပရီမီယာလိဂ်ဇယားထိပ်တွင် ရောက်နေသော ချယ်လ်ဆီးနှင့် ရမှတ် ကိုးမှတ်ကွာသွားခဲ့သည်။

ပြည့်ဝမည်မဟုတ်

ဆက်ဂနာ၏ ဒဏ်ရာအတိုင်းအဆကို မသိနိုင်ကြောင်း၊ သို့သော်လည်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါး၏ ခန့်မှန်းချက်မှန်ကန်ပါက ဆက်ဂနာအနေဖြင့် လာမည့် နိုဝင်ဘာ၂၂ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်တိုင်အောင် ကြံ့ခိုင်မှု ပြည့်ဝမည်မဟုတ်ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ရာဖေးလ်နာဒယ်သည် ပြိုင်ဘက်အဖြစ်ရှိနေဆဲ ရော်ဂျာဖက်ဒဲယား ထုတ်ဖော်ပြောကြား

လန်ဒန် နိုဝင်ဘာ ၁၈

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမူရေးသည် ဂရင်းဆလမ်းတင်းနစ်ပြိုင်ပွဲများတွင် ပြိုင်ဘက်အဖြစ်ပေါ်ထွန်းလာသော်လည်း ရာဖေးလ်နာဒယ်သည် မိမိအနေ ပြန်လည်အနိုင်ယူရန် ပြိုင်ဘက်အဖြစ် ရှိနေဆဲဖြစ်ကြောင်း ကမ္ဘာကျော်တင်းနစ်သမား ရော်ဂျာဖက်ဒဲယားက ပြောကြားလိုက်သည်။

ဖက်ဒဲယားလည်း နိုဝင်ဘာ ၁၄ရက်က ရှန်ဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲတွင် အန်ဒီမူရေးအား ၄-၆၊ ၇-၆(၇-၃)၇-၅ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ဖက်ဒဲယားသည် အန်ဒီမူရေးနှင့် ခြောက်ကြိမ်ဆုံတွေ့ကြရာတွင် လေးကြိမ်ရှုံးနိမ့်ခဲ့သည်။

သို့သော်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပအပြီး နှစ်လအကြာတွင် ကမ္ဘာ့ထိပ်တန်းတင်းနစ်သမားနှစ်ဦးသည် အတွေ့အကြုံ၌ ထိပ်ဆုံးရောက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထုတ်ဖော်ပြောကြား

လောလောဆယ်တွင် မိမိနှင့်ရာဖေးလ်နာဒယ်တို့သည် ထိပ်တန်းတင်းနစ်သမားများဖြစ်ကြောင်း၊ မိမိတို့ နှစ်ဦးသည် အကြိတ်အနယ်ပွဲကြီးပေါင်းမြောက်မြားစွာနှင့် မကြာခဏဆိုသလို ဆုံတွေ့ခဲ့ကြရသည်ကို ယခုအထိ အမှန်တကယ်ပင် ပြန်လည်ခံစားနေရဆဲပင်ဖြစ်ကြောင်း၊ မိမိတို့နှစ်ဦးသည် အချို့ ဂရင်းဆလမ်းဗိုလ်လုပွဲတွင် ပြန်လည်ဆုံတွေ့ရဦးမည် ဖြစ်ကြောင်း၊ အကယ်၍ မိမိတို့နှစ်ဦး ဆုံတွေ့ယှဉ်ပြိုင်ခွင့်ရပါကလည်း မိမိအနေဖြင့် ဝမ်းသာမိကြောင်း ဆွစ်ဇာလန် တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယားက ထုတ်ဖော်ပြောကြားသွားသည်။

(အင်တာနက်)

မန်ယူနှင့်စကော့တလန်မှ ဖလက်ချာ ဒဏ်ရာကြောင့် အာဂျင်တီးနားပွဲနှင့်လွဲချော်

လန်ဒန် နိုဝင်ဘာ ၁၈

မန်ယူနှင့် စကော့တလန် ကွင်းလယ်ကစားသမား ဒါရင်ဖလက်ချာသည် နိုဝင်ဘာ၁၉ရက် **(ယနေ့)**တွင် စကော့တလန်၏ အိမ်ကွင်း၌ အာဂျင်တီးနားအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်နှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

မကစားနိုင်ခဲ့

အသက် ၂၄နှစ်ရှိ ဖလက်ချာသည် အိုးထရက်ဖို့ဒ်၌ မန်ယူက စတုတ်အသင်းအား ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သောပွဲတွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် အဆိုပါ ချစ်ကြည်ရေးခြေစမ်းပွဲ၌ ပါဝင်မကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ဖလက်ချာသည် ပြီးခဲ့သည့်မတ်လအတွင်းက စကော့တလန်လက်ရွေးစင်အသင်းနှင့် ခရိုအေးရှားလက်ရွေးစင်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ဒူးအရွတ်ဒဏ်ရာရရှိခဲ့မှုကြောင့် သီတင်းပတ်ခြောက်ပတ်ခန့် အနားယူခဲ့ရပြီးဖြစ်သည်။

ယှဉ်ပြိုင်ကစားမည်

စကော့တလန်အသင်းသည် မာရာဒိုနာအနေဖြင့် ပထမဦးဆုံး တာဝန်ယူနည်းပြသော ဧည့်သည် အာဂျင်တီးနားလက်ရွေးစင်အသင်းကို ရင်ဆိုင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(အင်တာနက်)

ဝေလ ကွင်းလယ်ကစားသမား ဂျိုးလက်လေ။

ဒိန်းမတ်နှင့် ခြေစမ်းပွဲကစားမည့် ဝေလအသင်း ကွင်းလယ်ကစားသမား အခက်အခဲနှင့်ရင်ဆိုင်နေရ

လန်ဒန် နိုဝင်ဘာ ၁၈

နည်းပြဂျွန်တိုရှက်၏ ဝေလအသင်းသည် ဒိန်းမတ်နှင့်ကစားမည့် ချစ်ကြည်ရေးပွဲစဉ်တွင် ကွင်းလယ်ကစားသမားများဖြစ်ကြသော ဆိုင်မွန်ဒါဗစ်နှင့် ဂျာဆန်ကော်မက်စ်တို့ ပါဝင် ကစားနိုင်မည်မဟုတ်သည့်အတွက် မကစားနိုင်သည့် ကွင်းလယ်ကစားသမား ငါးဦးရှိသွားပြီဖြစ်ပြီး ကွင်းလယ်ကစားသမား အခက်အခဲနှင့် ရင်ဆိုင်နေရသည်။

မကစားနိုင်

ကွင်းလယ်ကစားသမားများဖြစ်ကြသောဂျိုးလက်လေသည် လက်ဆစ်လွဲခြင်း၊ ဒေးဗစ်ဗော်ဂန်သည် ကြွက်သားဒဏ်ရာရခြင်း၊ ကားလ်ဖလက်ချာသည် နောက်ကျောဒဏ်ရာရခြင်းတို့ကြောင့် ၄င်းတို့သည်လည်း နိုဝင်ဘာ ၁၉ရက်**(ယနေ့)**တွင် ဒိန်းမတ်နှင့် ကစားမည့် ချစ်ကြည်ရေးပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ကစားနိုင်မည် မဟုတ်ကြချေ။

ဒဏ်ရာရ

ဂျာဆန်ကော်မက်စ်သည် ဝီဂန်အသင်း၊ နယူးကာဆယ်နှင့် သရေကျသော ပွဲစဉ်တွင် ပေါင်ခြံကြွက်သားဒဏ်ရာကြောင့် ပါဝင် မကစားနိုင်ခဲ့သကဲ့သို့ ဒါဗစ်သည်လည်း တံကောက်ခွက်ဒဏ်ရာ ရရှိနေခဲ့ပြန် သည်။

အချိန်ပြည့်ကစား

အေအာရွန်ရမ်းဆေးနှင့် ဂျက်ကိုလီဆန်တို့သည် ယင်းချစ်ကြည်ရေးပွဲစဉ်တွင် အချိန်ပြည့် ပါဝင်ကစားရဖွယ်ရှိနေသည်။ **(အင်တာနက်)**

အိုင်ယာလန်နှင့်ပိုလန် ချစ်ကြည်ရေးခြေစမ်းပွဲ ရော်ဘီကိန်းနှင့် မက်ဂီဒီတို့အား ဒဏ်ရာကြောင့် ချန်လှပ်ခဲ့

လန်ဒန် နိုဝင်ဘာ ၁၈

အိုင်ယာလန် လက်ရွေးစင်အသင်း၏ နိုဝင်ဘာ၁၉ရက် **(ယနေ့)**တွင် ပိုလန်နှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားမည့်ပွဲစဉ်တွင် ရော်ဘီကိန်းနှင့် အီဒင်မက်ဂီဒီတို့အား လက်ရွေးစင်အဖြစ် ရွေးချယ်ထားခြင်းမရှိကြောင်း သိရသည်။

ဖော်ပြ

ကိန်းသည် နိုဝင်ဘာ ၁၆ရက်က အိုင်ယာလန်လက်ရွေးစင်အသင်းနှင့် ဆက်သွယ်မှုပြုခဲ့သည်။ သို့သော်လည်း နိုဝင်ဘာ ၁၅ရက်က လီဗာပူးအသင်းက ဘော်လ်တန်အသင်းအား အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ပခုံးဒဏ်ရာရရှိခဲ့မှုကြောင့် လီဗာပူးအသင်းသို့ ပြန်သွားကြောင်း သတင်း၌ဖော်ပြသည်။

အိုင်ယာလန်နှင့် လီဗာပူးကစားသမား ရော်ဘီကိန်း။

မက်ဂီဒီသည် နိုဝင်ဘာ ၁၆ရက်တွင် ၄င်း၏ ဆဲလ်တစ်အသင်းက ဟာမီလ်တန်အသင်းအပေါ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ပေါင်ဒဏ်ရာရရှိခဲ့မှုကြောင့် ၄င်းအား လက်ရွေးစင်အသင်းက ချစ်ကြည်ရေး ခြေစမ်းပွဲအတွက် လက်ရွေးစင်အဖြစ် မရွေးချယ်ခဲ့ချေ။

ရွေးချယ်ခဲ့

အိုင်ယာလန်လက်ရွေးစင်အသင်းတွင် တစ်ကြိမ်မျှပါဝင်မကစားဖူးသေးသော ရက်ဒင်းတိုက်စစ်မှူး နိုးလ်ဟန့်ကိုမူ နည်းပြက အိုင်ယာလန်နှင့် ပိုလန်ချစ်ကြည်ရေးပွဲစဉ်အတွက် လက်ရွေးစင်အဖြစ် ရွေးချယ်ခဲ့သည်။

နိုးလ်ဟန့်သည် အိုင်ယာလန် လက်ရွေးစင်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရနေသော ကစားသမားဖြစ်သည့် ရက်ဒင်းတောင်ပံကစားသမား စတီဖင်ဟန့်၏ ညီဖြစ်သည်။

(အင်တာနက်)

ဟူးလ်စီးတီးနှင့် ကစားသောပွဲစဉ်တွင် မန်စီးတီးဂိုးသမားဂျိုးဟတ် ဒဏ်ရာရရှိခဲ့

လန်ဒန် နိုဝင်ဘာ ၁၈

မန်စီးတီးဂိုးသမား ဂျိုးဟတ်**(ယာပုံ)**သည် နိုဝင်ဘာ ၁၆ရက်က ဟူးလ်စီးတီးနှင့် နှစ်ဂိုးစီသရေကျခဲ့သော ပွဲစဉ်တွင် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့မှုကြောင့် တစ်လခန့် အနားယူရမည်ဟုဆိုသည်။

အသက် ၂၁နှစ်ရှိ ဂျိုးဟတ်သည် ယင်းပွဲစဉ်တွင် ဒင်နီယယ်ကာဆင်နှင့် တိုက်မိကာ လဲကျခဲ့မှုကြောင့် ခြေချင်းဝတ် ဒဏ်ရာရရှိကာ ခြေမျက်သွားခဲ့သည်။

ဇင်မင်းသန့် စာမျက်နှာဖွဲ့စည်းသည်

နည်းနေ

ဟတ်သည် နိုဝင်ဘာ၁၉ရက်**(ယနေ့)**တွင် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ဂျာမနီလက်ရွေးစင်အသင်း ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် ရွေးချယ်ထားသဖြင့် ပါဝင်နိုင်ဖွယ်ရှိသော်လည်း ကြံ့ခိုင်ရေးမပြည့်ဝသောကြောင့် ပွဲထွက်ရန်အခွင့်အလမ်းနည်းသည်။

ထုတ်ဖော်

ယခုကဲ့သို့ ဒဏ်ရာရခဲ့ခြင်းသည် ဂျိုးအတွက် အင်္ဂလန်လက်ရွေးစင်ပွဲနှင့် သာမက မိမိတို့၏ပွဲစဉ်များနှင့်ပါလွဲရန် ကံကြမ္မာ၏ ထိုးနှက်ချက်တစ်ခုဖြစ်ကြောင်း၊ မိမိတို့ အသင်း၏ အဓိကအရေးကြီးသော ပွဲစဉ်ကြီးများမှာလည်း ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်ကြောင်း၊ ဒဏ်ရာ၏ ထိုးနှက်ချက်ကြောင့် ဂျိုးအနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်း၏ ချစ်ကြည်ရေးပွဲနှင့် လွဲရတော့မည်မှာ ရှင်းလင်းသိသာနေကြောင်း၊ ထို့အပြင် အရေးကြီးဆုံးမှာ မိမိတို့အနေဖြင့် အဓိက ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သဖြင့် မိမိတို့အတွက်လည်း ထိုးနှက်ချက်ကြီး တစ်ခုပင်ဖြစ်ကြောင်း မန်စီးတီးနည်းပြမာ့ခ်ဟုချ်က ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ပွင့်ဖြူမြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ အလှူငွေနှင့် မီးအားမြှင့်စက် လှူဒါန်း

ပွင့်ဖြူ နိုဝင်ဘာ ၁၄

ပွင့်ဖြူမြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံဆေးပဒေသာပင် အလှူငွေကျပ်၁၆သိန်းနှင့် မီးအားမြှင့်စက်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှဌေးက ဆေးရုံသို့ ဆေးပဒေသာပင်အလှူငွေ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု၅၆အုပ်စုမှ ပြည်သူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လုပ်ငန်းရှင်များမှ လှူဒါန်းသော ဆေးပဒေသာပင် အလှူငွေကျပ်၁၆သိန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နိုင်ဝင်းဌေးထံ ပေးအပ်လှူဒါန်းသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရေးဆွေးနွေး

မင်းပြား နိုဝင်ဘာ ၁၂

စစ်တွေခရိုင် မင်းပြားမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သောင်းရွှေသည် အောက်တိုဘာ ၁၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် စာကြည့်တိုက်မှူးများအား ခိုင်မာစာကြည့်တိုက်များ မှတ်ပုံတင်ထားရှိရေး၊ စာအုပ်၊စာစောင်တိုးပွားရေးနှင့် ငွေပဒေသာပင် စိုက်ထူရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပေးအပ်ချီးမြှင့်

နွားထိုးကြီးမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့လွန်ပညာထူးချွန်သူများအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၂ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဗဟန်း ၃လမ်းထိပ်ရှိ ဓမ္မာရုံ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးအောင်ကြည်က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နွားထိုးကြီးမြို့နယ် စာစစ်ဌာနမှ ဂုဏ်ထူးဖြင့် အောင်မြင်သူ၄၆ဦးကိုယ်စား နှစ်ဘာသာဂုဏ်ထူးရှင် မောင်ဇော်လွင်ဦးအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး ဆောင်ရွက်ထားရှိမှုနှင့် ရေစက်ရုံ(၁)တည်ဆောက်ထားမှုကို ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကော့သောင်းမြို့ ၁၀မိုင်ကျေးရွာ၌ကျင်းပ

ကော့သောင်း နိုဝင်ဘာ ၈

ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် (၁၀)မိုင်ကျေးရွာတွင် ထွန်းလင်းကြယ်စင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၃၀ရက် ညနေ ၄နာရီက စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအုံမော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စုပေါင်းလှူဒါန်း

အဆောက်အအုံသစ်နှင့် ပတ်သက်၍ (၁၀)မိုင်ကျေးရွာဥက္ကဋ္ဌ ဦးကိုကိုလွင်က ရှင်းလင်းရာ အဆောက်အအုံမှာ အလျား၂၇ပေ၊ အနံ ၁၈ပေ၊ အမြင့်၁၂ပေ၊ သွပ်မိုးကွန်ကရစ်အခင်း၊ အကာတို့ဖြစ်ပြီး အများပြည်သူစုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ရာ ကာလတန်ဖိုးငွေကျပ် ၄၅သိန်း ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အကြိမ်(၈၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၈

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်နေ ဦးပီတာဇုံအုပ် **(အပေါ်ပုံ)**သည် အောက်တိုဘာ ၁ရက်က ဖလမ်းမြို့ အထူးကုဆေးရုံကြီး ရောဂါရှာဖွေရေးဌာနသို့ အကြိမ်(၈၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကန်ပက်လက်၌ စာကြည့်တိုက်ဆင့်ပွားသင်တန်းဖွင့်

ကန်ပက်လက် နိုဝင်ဘာ ၁၃

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းဆောင်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးရမ်ညားနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအိန်းကီးက စာကြည့်တိုက်အကြောင်းသိကောင်းစရာနှင့် စာကြည့်တိုက်ဆိုင်ရာပညာရပ်များသင်ကြားပို့ချသည်။

သင်တန်းကို အောက်တိုဘာ ၃၀ရက်အထိ ပို့ချခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ဂန့်ဂေါမြို့၌ ကျောက်ချောခင်း

ဂန့်ဂေါ နိုဝင်ဘာ ၁၄

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် အဖွဲ့သည် နိုဝင်ဘာ ၅ရက်က ဂန့်ဂေါမြို့သို့ရောက်ရှိ၍ ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကျောတိုက်ရပ်ကွက် အမှတ်(၄)လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(ဝ၇ဝ)

ကနီမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ကနီ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်း ကနီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲကို အောက်တိုဘာ ၂၇ရက် ညနေ၅နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပထမဆုရ သမင်ခြံကျေးရွာအုပ်စု ကိုယ်စားပြုဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌက ဆုဖလား ပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်း အလှူငွေပေးအပ်ပွဲ ကျောင်းကုန်းတွင်ကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၁၅

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းက စုပေါင်း၍ မြို့နယ်အတွင်းရှိ ပညာရေး၊ ဘာသာရေး၊ သာသနာရေးနှင့် မြို့နယ်NGO အဖွဲ့အစည်းများ၊ မီးသတ်ရုံး၊ စာကြည့်တိုက်နှင့် အခြားလိုအပ်ချက်ရှိသည့်နေရာများကို စုပေါင်း၍ ငွေကျပ် ၂၁၉၀၀၀၀လှူဒါန်းပွဲကို အောက်တိုဘာ ၁၆ရက် နံနက်၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ အေးချမ်းသာယာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကျင်းပရာ မော်တော်ယာဉ်အသင်း လိုင်းပေါင်းစုံအသင်းမှ လှူဒါန်းငွေကျပ် ၂၁၉၀၀၀၀ကို ပညာရေး၊ ဘာသာရေးအဆောက်အအုံနှင့် မြို့နယ် NGO အဖွဲ့အစည်းများ၊ မီးသတ်ရုံး၊ စာကြည့်တိုက်နှင့်အခြားလိုအပ်ချက်ရှိ သည့်နေရာများသို့လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က တစ်ဦးချင်းပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

(၁၅၄)

ဗဟန်း အထက(၃) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် အထက(၃)အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနားကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးများကို အပတ်စဉ်(တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင်အထက(၃)အောင်ဆန်းခန်းမ၌ ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကျောင်းအုပ်ကြီး ဦးလှတင် (အထက-၃) ဖုန်း-၅၅၅၂၂၂၊ ဦးလှထွေး (ရှီမိုစားသောက်ဆိုင်) ဖုန်း-၀၉-၅၁-၆၂၉၁၉၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၃၉၆၆၊ ဦးမင်းမင်းထွန်း ဖုန်း-၅၄၁၀၆၁၊ ဒေါ်မြမြသန်း (နှင်းဆီဦးအလှပြင်)ဖုန်း-၀၉-၅၁-၈၄၉၅၅နှင့် သူငယ်ချင်းများထံသို့ ဆက်သွယ်နိုင်ကြောင်းနှင့် အစည်းအဝေးများသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(ပညာရေး)

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် ခွင့်ပြုသော အမှတ်(၇) ကျောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ဆွေဆွေလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

THREE FRIENDS CONSTRUCTION CO., LTD.
[5% To 10 % Discount]
☆Modern Furniture (MDF, Ply, Chip, Teak) ☆Composite ☆Rollershutter
☆(Home Renovation) ☆Architectural Design
(PAE)
☆30'x40' RC
☆Laminated Floor ☆Wall Paper ☆Plaster Board ☆Plaster Cornice ☆Gypsum Board
44A(1) 01-201478, 294864, 298341, 299847, 296683, 09-50 11443, 09-51 54853

ကိုရင်ရွှေပျိုး လူသားနဲ့ မနက်ဖြန်

PLEASE CALL

WESTERN PARK RUBY RESTAURANT
PHONE : 212008, 226598

သင့်သွေးဖြင့် အသက်ကယ်ပါ

Super Cool Engineering Group မှ
လူကြီးမင်းတို့ရဲ့ အဲယားကွန်းနှင့် ရေခဲသေတ္တာများအားပြုပြင်ခြင်း၊တပ်ဆင်ခြင်း၊ ဆေးကြောခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
ဖုန်း-၇၀၆၃၅၆။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မူဆယ်ခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၃

ဒေါ်နန်းထွေးမှုံ နှင့် ၁။ ဦးစိုင်းအောင်လှိုင်း
၂။ ဒေါ်နန်းစံခမ်း
(အတူနေလင်မယား)

တရားနိုင် တရားရှုံးများ

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် နိုဝင်ဘာ၂၁ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မူဆယ်မြို့၊ တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ ဦးပိုင်အမှတ်(၄၈/ခ) မြေပေါ်ရှိ အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
အုန်းသောင်း(တ/၁၆၁၁)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မူဆယ်မြို့။

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ အနောက်မြို့ပတ်လမ်း အမှတ်(၂၁၄)နေ ဦးအောင်မိုးနှင့် ဒေါ်နှင်းနှင်းယုတို့က တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် သီရိမင်္ဂလာလမ်း အမှတ်(၁၀၉)နေ ဦးဝင်းနိုင် ၁၃/တကန (နိုင်) ၀၄၉၂၄၈ထံ လွှဲအပ်ထားသော ၂၂-၅-၂၀၀၈ရက်စွဲပါ စာချုပ်အမှတ်၁၁၈/၂၀၀၈အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါကြောင်း။
ဦးအောင်မိုး ၁၃/တကန(နိုင်)၀၈၆၂၀၁၊
ဒေါ်နှင်းနှင်းယု ၁၃/ညရန(နိုင်)၀၆၂၆၇၇။

အိမ်မိုးသွပ်ပြားများရောင်းရန်ရှိပါသည်

အမှန်တကယ်အသုံးပြုရန် လိုအပ်လျက်ရှိသောသူများအတွက် ပစ္စည်းအစစ်အမှန်ဖြစ်သော ၆ပေ၊၇ပေ၊၈ပေ၊ ၉ပေ၊ ၁၀ပေ Size အမိုးသွပ်ပြားများကို အနိမ့်ဆုံး ၁ပေလျှင် ကျပ် ၆၃၀နှုန်းဖြင့် ရောင်းချပေးနေပါသည်။ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများအား ရောင်းပေးမည်မဟုတ်ပါ။ **(ဆင်တူယိုးမှား အတုအပသတိပြုပါ)**

ဆက်သွယ်ရန်လိပ်စာ - ၁။ ဟိမ်းကမ္ဘာကုမ္ပဏီလီမိတက်
(စ/၆၄)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၆၈၆၄၀၀။
၂။ အဆောင်-၁၅၊အခန်း(၅)၊ကျောက်စိမ်း(၇)လမ်း
စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့၊
ဖုန်း- ၆၄၄၄၄၈၊ ၆၄၂၅၈၂။

အမည်မှန်

မန်တုံမြို့ အထက အငှမတန်းတွင် ပညာသင်ကြားနေသော မလွန်းမိုင်၏ အမည်မှန်မှာ မနော့မွန်း ဖြစ်ပါ၍ ဖခင်အမည်မှန်မှာ ဦးလထောင် ဖြစ်ပါသည်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်နေ မမေဝါလွင်၇/ပခန(နိုင်)၁၇၄၅၂၂၏ ဖခင်အား တန်စွန်တင်(ခ)ချွန်တိတ်(ခ) ဦးတင်ထွန်းဟု ဖြည့်စွက်ခေါ်ပါရန်။

မန္တလေးတိုင်းရင်းဆေးသိပ္ပံကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းရင်းဆေးသိပ္ပံ အမှတ်စဉ် (၁၈)ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၁၂ရက် နံနက် ၈နာရီက မန္တလေးတောင်မြောက်ဘက် မဟာမေဓိကာရာမရွှေကျောင်းတိုက်မကြီးအတွင်းရှိ ရွှေကျောင်သံဃာရာဇာ မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။

သြဝါဒစကား

ရှေးဦးစွာ ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးမြင့်လွင်၊ ဦးလှိုင်အောင်နှင့် ဆရာမကြီးဒေါ်ခင်မမတို့က ဆုပေးသြဝါဒစကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းသားဟောင်း ဦးသက်လှိုင်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသားဟောင်း ဦးဝင်းနိုင်က ပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြကာ ဆရာဆရာမ များ၊ ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **(၁၁၃)**

အုတ်ဖိုမြို့ ဗိုလ်ရုံတန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၄ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေး မှူး ဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးတင်အောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (၀၇၄)

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန ၁၉၈၂မှ ၁၉၈၈(၈၁)ပညာသင်နှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက်တွင် ရန်ကုန်မြို့ တက္ကသိုလ်မွှောရုံ၌ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း-၇၂၂၄၇၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၃၈၉၆၅၁(ရုံး)၊ ဒေါ်တင်တင်ဝါ မန္တလေး ဖုန်း-၀၉-၅၀-၁၈၇၄၀၊ ဒေါက်တာ တင်ဌေးအိ ဖုန်း-၀၉-၅၀-၀၉၀၃၉၊ ဒေါ်ထားထား ဖုန်း-၀၂-၆၆၇၇၂၊ ဒေါက်တာ နုနုရီ ဖုန်း-၅၈၄၂၁၆ နှင့် ဦးမျိုးသွင် ဖုန်း-၀၂-၆၀၃၉၁၊ ဦးလှဝင်း နေပြည်တော် ပျဉ်းမနား ဖုန်း-၀၆၇-၂၂၀၆၂၊ ဦးသောင်းနိုင် တောင်ကြီး ဖုန်း-၀၃၄-၃၂၀၉၆၊ ဒေါက်တာခင်ချစ်ချစ်တောင်ငူ ဖုန်း-၀၉-၅၃-၅၀၉၅၈၊ ဦးမြင့်ဦး ဖုန်း-၀၅၄-၂၃၆၈၆ (ဆိုင်)၊ ဖုန်း-၀၅၄-၂၄၄၁၇(အိမ်)၊ ဦးဝင်းဦး တောင်ကြီး ဖုန်း-၀၈၁-၂၂၈၆၇၊ ဦးစိုးလွင် ပဲခူး ဖုန်း-၀၉-၅၃-၀၀၅၄၆၊ ဒေါ်သဇင်စိုး သထုံနှင့် မော်လမြိုင် ဖုန်း-၀၅၇-၄၀၀၁၉တို့အပြင် ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁-၁၃၈၃၃၊ ဒေါ်ခင်သင်းဝေ ဖုန်း-၀၉-၅၁-၄၄၈၁၂၊ ဒေါ်မင်းမင်းကျော် ဖုန်း-၀၉-၅၀-၀၆၇၆၉၊ ဒေါ်ချိုချိုဇင် ဖုန်း-၀၉-၅၀-၁၇၉၁၉၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၅၁-၈၉၄၃၈၊ ဦးထိန်လင်းဦး ဖုန်း-၀၉-၈၀-၂၃၉၃၅၊ ဒေါ်ပြုံးပြုံးအေး ဖုန်း-၀၉-၅၁-၆၀၆၉၀၊ ဒေါ်မေထွန်းထွန်းအေး ဖုန်း-၇၀၄၁၆၈၊ ဒေါ်ရီမာသန့် ဖုန်း-၀၉-၅၀-၁၇၅၀၂၊ ဒေါ်နီလာစိန် ဖုန်း-၀၉-၅၀-၁၃၃၃၈၊ ဒေါက်တာမြင့်သူမြိုင် ဖုန်း-၀၉-၅၀-၃၄၉၅၉၊ ဒေါ်တင်တင်သက် ဖုန်း-၆၄၄၇၃၅ နှင့် ဦးအောင်မြင့် ပုသိမ် ဖုန်း-၀၄၂-၂၄၃၈၁နှင့် ဦးဝင်းရွှေ ပြည် ဖုန်း-၀၅၃-၂၁၄၄၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေးအတွက် ဝမ်လွတ်ကျေးရွာ ရေပိုက်သွယ်တန်းခြင်းနှင့် ရေပေးရေး အုတ်ကန်တည်ဆောက်ခြင်း လုပ်ငန်းအခြေအနေကို အမှုဆောင်အရာရှိ ဦးထန်ဒေါ့တွန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုဝင်ဘာ၄ရက်က အင်းစိန်မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း ဒုတိယတန်း(က)မှ မောင်မင်းဆက်အောင်၏ မွေးနေ့အလှူအဖြစ် ကြာဆံ ကြော်အာဟာရကို ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၈၅ဦးအား ကျွေးမွေး လှူဒါန်းစဉ်။ (ပညာရေး)

ပြည်ပသွင်းကုန်အစားထိုးစက်မှုပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် ရေနံချောင်းစက်မှုဇုန်

➤ သတင်းခရီးသည် - ကျော်စိန် ➤ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံကာ ဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံအဆင့်သို့ ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းရာတွင် ပြည်နယ်နှင့်တိုင်း အသီးသီး၌ စက်မှုဇုန်များတည်ထောင်၍ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် အောက်တိုဘာလကုန်ပိုင်းက မကွေးတိုင်းသို့ရောက်ရှိစဉ် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကူညီမှုဖြင့် ရေနံချောင်း စက်မှုဇုန်သို့ သွားရောက်လေ့လာခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

မော်တော်ဆိုင်ကယ်၏ ထိုင်ခုံ၊ ဆီတိုင်ကီ၊ ဆက်သွယ်ဘားတန်းများကို ကျွမ်းကျင်လုပ်သားများက ဤသို့ စစ်ဆေးတပ်ဆင်ကြရသည်။ (မြန်မာ့အလင်း)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပြင်ဦးလွင်မြို့နယ် အနီးစခန်းရှိ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) တိုင်းရင်းပရဆေးဥယျာဉ်အတွင်း ရှားပါးတိုင်းရင်းဆေးပင်များ စုဆောင်းစိုက်ပျိုးထားရှိမှု၊ ရောဂါအလိုက်ကုသသည့် တိုင်းရင်းဆေးပင်များ သတ်မှတ်စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေး အရိုးရောဂါအထူးကုဆေးရုံနှင့် ပြင်ဦးလွင်ပြည်သူ့ဆေးရုံ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် နိုဝင်ဘာ၁၅ရက် နံနက် ၈နာရီခွဲတွင် အရိုးရောဂါအထူးကုဆေးရုံကြီး မန္တလေးတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြင်ပလူနာဌာန၊ လူနာမှတ်ပုံတင်ဌာန၊ လူနာစမ်းသပ်ခန်း၊ ဓာတ်မှန်ခန်းများ၊ အထူးကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ခန်းများ ဖွဲ့စည်းထားရှိမှုများ၊ ဆေးရုံကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ လူနာကုသဆောင်များ ဖွဲ့စည်းတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာဘောလုံးပရိသတ်၏ တစ်ခဲနက်အားပေးမှုနှင့်အတူ လက်ရှိချန်ပီယံ မြန်မာအသင်း မလေးရှားအသင်းကိုခြေစွမ်းပြ အနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်ရောက်

သတင်းမြင်ကွင်း - ဖိုးသော်ဇင်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၈

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက သုဝဏ္ဏဘောလုံးကွင်းတွင်ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းက မလေးရှားလက်ရွေးစင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ■

လှုလှုပပကန်သွင်း

မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ယနေ့ပွဲ၌ အကောင်းဆုံးဆုရ အသင်းခေါင်းဆောင် စိုးမြတ်မင်းက ဤသို့ ပိုင်ပိုင်နိုင်နိုင် ကန်သွင်းယူခဲ့သည်။ (မြန်မာ့အလင်း)

အောင်ပွဲခံ

မြန်မာအသင်းမှ မလေးရှားအသင်းဘက်သို့ တတိယဂိုး သွင်းယူပြီးနောက် မြန်မာပရိသတ်များ ဤသို့ ရွှင်မြူးအောင်ပွဲခံခဲ့ကြသည်။ (မြန်မာ့အလင်း)

19-11 (20).pmd 1 11/19/2008, 2:36 AM